# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 11 January 2025 ၁၁၆၉၉


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်တွင်း၊ တပ်ပြင် အင်အားများကိုတည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတူတကွဝိုင်းဝန်းဆောင်ရွက်

## မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်ပြီး ပြည်သူက လေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင်နေထိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ကြေးမုံ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနယဉ်ကျေးမှုထူထောင်

"ပညာသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော် အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံကလည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း" ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ကို "ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ ညွှန်ပြခြင်း" ဟူသည့် ဦးတည်ချက်နှင့်အညီ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည်။ ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ တက်ရောက်ကြပြီး ပညာရေးဆွေးနွေးချက်များနှင့် ပြည်တွင်း၊ ပြည်ပသုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြားတင်သွင်းကြသည်။

ယခုညီလာခံမှ ချမှတ်ထားသော ဦးတည်ချက်ကိုကြည့်လျှင် ပညာရေး၊ သိပ္ပံနှင့် နည်းပညာဟူသည့် ကဏ္ဍသုံးရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ကာ အကြောင်းအကျိုးပြုနေသည်။ အဆိုပါကဏ္ဍကြီးသုံးရပ်ကို ရှာဖွေဖော်ထုတ် သုတေသနပြုလုပ်မှုများနှင့် တီထွင်ဆန်းသစ်အကောင်အထည်ဖော်မှုများကို ပေါင်းစပ်လိုက်သောအခါ လူ့ဘောင်အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ထိရောက်အားကောင်းသော စွမ်းအားတစ်ရပ်ကို ရရှိမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုးတက်သောနိုင်ငံများတွင် နယ်ပယ်ကဏ္ဍအသီးသီးတို့၌ သုတေသနပြုလုပ်မှုများကို ငွေကြေး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များစုပေါင်းပြီး တီထွင်ဆန်းသစ်ဖော်ထုတ်လျက်ရှိရာ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍအသီးသီးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်စပ်အဖွဲ့များ၊ ပညာရှင်များ၊ မျိုးဆက်သစ်ပညာရှင်များပေါင်းစုကာ သုတေသနညီလာခံများ ပြုလုပ်လျက်ရှိသဖြင့် နိုင်ငံအတွက် အကျိုးရလဒ်များဖြစ်ထွန်းနေသည်။ မည်သည့်နယ်ပယ်ကဏ္ဍတွင်မဆို ပညာသည် အခြေခံအကျဆုံးဖြစ်သဖြင့် ပညာရေးကို အခြေခံပြီး ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်သည်။ သုတေသနဟူသည် တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရှိရန် စူးစမ်းရှာဖွေခြင်းဖြစ်၍ သုတေသနမှတစ်ဆင့် တီထွင်ဆန်းသစ်မှုအသစ်များ ဖော်ထုတ်ပေးရမည်ဖြစ်သည်။ သို့မှသာ လက်တွေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ ပြဿနာများကိုဖြေရှင်းနိုင်ပြီး ပညာရပ်ဆိုင်ရာ အသိအမြင်ဗဟုသုတများ မြင့်မားလာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ အသိပညာဉာဏ်ရည်ဉာဏ်သွေး မြင့်မားတိုးတက်လာအောင်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သုတေသနလုပ်ငန်းများ အကျိုးရလဒ်ကြောင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များနှင့် ဈေးကွက်သစ်များ ဖော်ထုတ်နိုင်မည်ဖြစ်သကဲ့သို့ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှုအရည်အသွေးများဖြင့် ပြည့်စုံသည့်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ခေတ်မီအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အတတ်ပညာရှင်များ လိုအပ်လျက်ရှိသည်။ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်နေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ သုတေသနညီလာခံများမှတစ်ဆင့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပေါ်ထွက်လာနိုင်သည်။

သို့ဖြစ်ရာ အရာရာကို စူးစမ်းလေ့လာပြီး ရလဒ်များအပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသော လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပပေးခြင်းအားဖြင့် လူငယ်များ၏ စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို သက်ဆိုင်ရာနယ်ပယ်များအလိုက် ပြုစုပျိုးထောင်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## စာပေအနုသုခုမလက်ရာများနှင့် သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကို ညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်သဖြင့် ယင်းအဆောက်အအုံတွင် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေဆိုင်ရာ အမွေအနှစ်ရှေးဟောင်းပစ္စည်းတို့ကို အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်)
အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁၈-၃၈၀၄၄၇

(၂) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (မန္တလေး)
အမှတ် (၁၅၉)၊ ၈၆ လမ်း၊ ၂၀ x ၂၂ လမ်းကြား၊
ပုလဲငွေရောင်ရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(၃) စာတည်း
စာပေဗိမာန်ရုံးခွဲ၊ နေပြည်တော်ရုံးချုပ်
ရုံးအမှတ် (၇)၊ နေပြည်တော်၊
ဖုန်း ၀၆၇-၃၄၁၂၄၁၀

❖

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၄၂၀ | ၃,၄၄၆,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၂၀ | ၆၇,၂၀၀ |
| MCB | ၈,၅၀၀ | ၈,၃၀၀ | ၂၀ | ၁၆၈,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁၀ | ၁၉,၀၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၂၀၀ | ၁,၉၉၀,၀၀၀ |
| AMATA | ၄,၂၀၀ | ၄,၃၀၀ | ၆၁၁ | ၂,၅၆၇,၃၀၀ |
| MAEX | ၃,၂၀၀ | ၃,၁၀၀ | ၂,၂၁၆ | ၆,၉၇၅,၄၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁၇၁ | ၅၂၁,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

### နိုင်ငံတော်၏ ခေတ်အဆက်ဆက်နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုနှင့် တပ်မတော်၏ နိုင်ငံ့အရေး ထမ်းဆောင်မှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့်အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်၏ သမိုင်းကြောင်းစဉ်ဆက်အရ ရှေးယခင်ကတည်းကပင် အတူတကွပေါင်းစည်းနေထိုင်ခဲ့ကြပြီး ပြည်နယ်များ၊ ဒေသများစုပေါင်းတည်ဆောက်ထားသည့်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည့်အခြေအနေများနှင့် တပ်မတော်အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏အဓိက ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့်ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တပ်မတော်သားဘဝကိုခံယူခဲ့ပြီး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေမှုအပေါ်တွင် အသိအမှတ်ပြု ဂုဏ်ယူသည့် အခြေအနေများ၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဦးစွာအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်ပိုင်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကြား၌ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ ဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း၊ ယခုမိမိတို့တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိ ပြည်တွင်းပြည်ပ အန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

- ❖ **တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆောင်ရွက်သွားရမည်**
- ❖ **စုစည်းညီညွတ်သည့်အင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပါက စစ်သားစိတ်မွေး၍ ဆောင်ရွက်သွားရန်လို**
- ❖ **မိမိတို့သင်ကြားခဲ့ရသည့် စစ်ပညာများ၊ တွေ့ကြုံခဲ့ရသည့် လူမှုဆက်ဆံရေး အသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်ရမည်**

☆ စာမျက်နှာ ၃ မှ
နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နေ့စဉ်လှုပ်ရှားသွားလာမှုများ ဆောင်ရွက်ရာ၌ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မြော်တွေး ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်နစ်နာခဲ့ရကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာခဲ့ရခြင်းများရှိခဲ့ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ တပ်နယ်များအလိုက် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသအတွင်း အကြမ်းဖက်မှုများမရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်နေမှုများမရှိစေရေး နယ်မြေလုံခြုံရေးတာဝန်များကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့်လည်း တပ်တွင်း စည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူတစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင်အင်အားများကိုတည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်ပြီး ပြည်သူကလေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပါက စစ်သားစိတ်မွေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်ပညာများ၊ တွေ့ကြုံခဲ့ရသည့် လူမှုဆက်ဆံရေး အသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်ကြောင်း၊** စစ်မှုရေးရာကိစ္စရပ်များသာမက အခြားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထိုကဲ့သို့ ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

### ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး

ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများ ရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာအတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသတွင်ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းပေးထားပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ မိတ္ထီလာတပ်နယ်မှူးနှင့် တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးနှင့် တိုင်းမှူး၏ဇနီးတို့ကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက်မူလပုံစံအတိုင်း တည်ဆောက်သကဲ့သို့ တံတားနှင့်ဆက်စပ်လျက်ရှိသည့်လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ကျုံးမြို့ရိုးသာယာလှပစေရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတား ပြန်လည်တည်ဆောက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာယာလှပရေး အပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာစက်မှုဇုန် လုပ်ငန်းလည်ပတ်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဈေးကွက်ရရှိမှု အခြေအနေများနှင့် ကြုံတွေ့ရလျက်ရှိသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ရရှိလာခဲ့သည့် အကျိုးအမြတ်များနှင့် အရင်းအနှီးလိုအပ်သူများ အနေဖြင့်လည်း ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဆီစက်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးစေလိုမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

**တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးများက ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ် အသုံးပြုနိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည့် အရင်းအနှီး ချေးငွေများအား သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဝါသီးနှံမှ ချည်ထည်၊ အထည်အလိပ် ဖြစ်သည်အထိ စနစ်တကျ တွက်ချက်ဆောင်ရွက်၍ ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့်ဈေးကွက်ရရှိရေးအတွက်တိုင်း ဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတော် အဆင့် ထုတ်ကုန်ပြပွဲများ ပြုလုပ်ရောင်းချပေးလျက်ရှိသဖြင့် မိမိတို့ လုပ်ငန်းအလိုက် အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်များ ဝင်ရောက်ပြသနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်မှု၊ မန္တလေးတိုင်း ဒေသကြီးအတွင်း၌ မိတ္ထီလာခရိုင် သည် ဝါးထုတ်လုပ်မှုအများဆုံး ဖြစ်သဖြင့် ဝါးနှင့် ပတ်သက်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည် ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များ ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ မိတ္ထီလာခရိုင်၏ဒေသဆိုင်ရာ အချက်အလက်များပေါ်တွင် အခြေခံ၍ ဒေသ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များ ၂၀၂၄ ခုနှစ်အတွင်း **စာမျက်နှာ ၆ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

- ❖ **ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်**
- ❖ **စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ် ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်**

»»» **စာမျက်နှာ ၅ မှ**

မိတ္ထီလာဒေသသို့ ရောက်ရှိစဉ် အကြံပြု တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင် နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းတွင် ပန်းတိုင် ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင် ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း၌ စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းကျော်ကိုသာ စိုက်ပျိုးရေပေးဝေနိုင်သည်ဟု သိရကြောင်း၊ အခက်အခဲများ ရှိမည်ဖြစ်သော်လည်း နည်းလမ်းရှာ၍လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်း လေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟုသိရှိရပြီး လိုအပ်သည့် သွင်းအားစုများကို ပြည့်မီအောင် ထည့်သွင်းခြင်း၊ ပိုက်ဆံလျှော့ စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာများ ထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာ ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသရှိ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် လိုကြောင်း။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာသည် မိုးရွာရက်နည်းသည့် ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် စီမံကိန်းများ ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်မှု မရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက် မပြည့်မီမှုများကြောင့် အခက်အခဲများ ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကန့်ကွက်မှုများလည်း ရှိကြောင်း၊ ထို့ကြောင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်၍ရသည့် ဆိုလာစနစ်ကို မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်က ဆောင်ရွက်လျက် ရှိသကဲ့သို့ လုပ်ငန်းရှင်များ အနေဖြင့်လည်း တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စိုက်ပျိုးရေး ထွက်ကုန်များဖြင့် တိရစ္ဆာန်အစာစပ်စက်ရုံကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတွင်း အသားထုတ်လုပ်မှုများကို ယခုထက် တိုးတက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း အသားထုတ်လုပ်မှု၏ ဗဟိုချက် ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အသားစို၊ အသားခြောက်၊ အေးခဲအသားနှင့် သားရေတို့ကို နိုင်ငံအနှံ့အပြားသို့ လျင်မြန်စွာ ပို့ဆောင်ရောင်းချနိုင်မည့် နိုင်ငံ၏ ဗဟိုချက်နေရာတွင် တည်ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေး လုပ်ငန်းများ အောင်မြင်ခြင်းဖြင့် သားရေထည်လုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သဖြင့် မွေးမြူရေးကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကိုလည်း အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း စိုက်ပျိုးရေးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီသည် မဖြစ်မနေ နေ့စဉ် အသုံးပြုနေရသည့် မီးဖိုချောင်သုံး သီးနှံတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီ စိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်သကဲ့သို့ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဂရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းတူစွာပင်ဖြစ်ကြောင်း၊ ကြက်သွန်နှင့် ဂရုတ်တို့သည် ပြည်တွင်း၊ ပြည်ပဈေးကွက် လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်သဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ သီးနှံအလိုက် ရောင်းချခြင်းအပြင် ဂရုတ်၊ ကြက်သွန်ကိုအခြေခံသည့် တန်ဖိုးမြှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်ခြင်းဖြင့်လည်း ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ဖြစ်ထွန်းသည့် တမာနှင့်ပတ်သက်သည့် စက်မှုထုတ်ကုန် ပစ္စည်းများကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ တမာပင်မှတစ်ဆင့် တမာပိုးသတ်ဆေးနှင့် တမာမြေသြဇာများကို ထုတ်လုပ်နိုင်သည့်အပြင် အရိပ်ရလေကာပင်များဖြစ်သဖြင့် အကျိုးဖြစ်ထွန်းစေကြောင်း။

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်း စိုပြည်ရေးအတွက် အဓိကကျသည့် ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့်ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြား လာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များနှင့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေး လုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

# မြိတ်မြို့ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) အစီအစဉ်အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးလှသန်း ဦးဆောင်သော မြိတ်မြို့တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များသည် ဇန်နဝါရီ ၇ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အများပိုင်အစည်းအဝေးခန်းမ၌ ရေလုပ်ငန်းပညာများဖွံ့ဖြိုးတိုးတက်ရေး၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ဈေးကွက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**လှည့်လည်ပြသ**

ထို့နောက် မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးလှသန်းနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များအဖွဲ့အား ပုစွန်မွေးမြူရေးလုပ်ငန်းနေရာများ၊ ကျွန်းစုများတစ်ဝိုက် ရေချို/ရေငန်ငါး၊ ပုစွန်မွေးမြူနိုင်သောနေရာဒေသများနှင့် အစာချက်စက်ရုံနေရာများ၊ ငါးလေလံဈေးကွက် တည်ဆောက်ထားရှိသည့်နေရာများကို လှည့်လည်ပြသခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံရေလုပ်ငန်းပညာရှင်များအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုအား သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး မြိတ်မြို့ဒေသဖွံ့ဖြိုးရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့က တည်ခင်းဧည့်ခံသောညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌသည် မြိတ်ဒေသခံ တရုတ်ဘုံကျောင်းမှ တာဝန်ရှိသူများ၊ စိတ်ဝင်စားသူဒေသခံများနှင့်တွေ့ဆုံ၍ အသင်း၏ရည်ရွယ်ချက်၊ အသင်းခွဲများဖွဲ့စည်း၍ မြန်မာ-တရုတ်ချစ်ကြည်ရေး ဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ရေလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အပါအဝင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မြိတ်) ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မြိတ်)ကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မိမိအနေဖြင့် ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် လှိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ခွန်းဆက်စကားများ ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီး၍ နွေးထွေးမှုရှိသည့်ဆက်ဆံရေးကို နှစ်နိုင်ငံအချင်းချင်းသာမက အာဆီယံတွင်လည်း မိမိတို့အတူတကွ လက်တွဲဆောင်ရွက်မှုများဖြင့် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့ အခွန့်ရှည်တည်တံ့ရေးအတွက် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းလည်း မိမိအနေဖြင့် ပြောကြားအပ်ပါသည်။

မြန်မာနိုင်ငံသားများ တိုးတက်ကြွယ်ဝပါစေကြောင်း မိမိအနေဖြင့် နွေးထွေးစွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး - ၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် မိမိမှ ဂုဏ်ပြုဝမ်းမြောက်စကားများ ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားရှိသည့် နယ်ပယ်များတွင် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြားသာမက အာဆီယံတွင်လည်း နီးကပ်သည့်မိတ်ဖက်နိုင်ငံများအဖြစ် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာလာစေရေးအတွက် အတူလက်တွဲဆောင်ရွက်ရန် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စရာကောင်းသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကို ဆင်နွှဲနိုင်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၀

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသို့ သွားရောက်၍ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေခြည်ငွေခြည်ထိုး လက်ရာပစ္စည်းများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမ၊ ဝန်ကြီးများရုံးနှင့် ကန်တော်ကြီးဥယျာဉ်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကန်တော်ကြီးဥယျာဉ်ရှိ ကရဝိက်ခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လေ့လာကြသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များနှင့်အတူ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**




# တုရင်တောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်



တုရင်တောင်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

ညောင်ဦးမြို့နယ် အတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ၁၉၀၅ ဧကရှိသော နယ်မြေကို **“တုရင်တောင်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅) အရ ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၄ ရက် (၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်း သက်သာစေရန်၊ မြေဆီလွှာပိုမိုကောင်းမွန်လာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ၏ လယ်ယာသုံးသစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ အဖြစ်ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

တုရင်တောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါ ဧရိယာအတွင်းပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိတ်၊ ရင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံးသစ်၊ ထင်း၊ ဝါး နှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများပိုမိုရရှိနိုင်ခြင်း၊ တုရင်တောင်ဘုရားဖူးမြော် ကြည်ညိုရန်လာရောက်သူများအတွက် အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အနုပညာရှင်များ၏ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC–II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပစာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာ ညီလာခံ (၂၀၂၅) တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြသည့် China Geological Survey, Guangzhou Marine Geological Survey (GMGS)၊ Association of Southeast Asian Teacher Education Network(AsTEN) နှင့် Southeast Asian Ministers of Education Organization Technical Education Develo–pment (SAMEO TED) တို့မှ ကိုယ်စားလှယ်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စာတမ်းဖတ်ပွဲတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် သဘာပတိအဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ စာတမ်းများ စိစစ်ပေးသည့် ပညာရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် ဆရာအတတ်ပညာရေးဆိုင်ရာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား လည်းကောင်း၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား လည်းကောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား လည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဘာသာစကား အရင်းအမြစ်နှင့် နည်းပညာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးနှင့် Young Generation Scientists စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင်တစ်ဦး တို့အား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ Organizing Committee ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ လက်ဆောင်ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တေးသံသာများ၊ အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသူများကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ် ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စာတမ်းဖတ်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

○ ကျောဖုံးမှ

အစည်းအဝေးသို့ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ NSPNC၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြုဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲ

◆ ပြည်ထောင်စုနေ့အခမ်းအနားနှင့်ဆက်စပ်လျက် နေပြည်တော်ကောင်စီနယ်မြေ၌ပင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှ ထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကိုရည်ရွယ်၍ MSME ထုတ်ကုန် ပြိုင်ပွဲကြီး တစ်ရပ်ကျင်းပရန်အပြင် ဒေသန္တရ ရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် အမျိုးအစားစုံလင်စွာ ထိတွေ့ခံစားနိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်ကြရမည်ဖြစ်

ကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးစသည့် ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေးဦးတည်ချက်(၅)ရပ် ချမှတ်သည့်အပေါ်တွင် ဒို့တာဝန်အရေး(၃)ပါး ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားချက်အနေဖြင့် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပချိန် တစ်ဆက်တည်းတွင် MSME ပြပွဲ၊ ပြိုင်ပွဲများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည့် အခမ်းအနားဖြစ်သောကြောင့် အတွေ့အကြုံများ ရှိကြပြီး ဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက အခမ်းအနား၏ အတွေ့အကြုံများကိုလေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားနှင့်ဆက်စပ်လျက် နေပြည်တော်ကောင်စီနယ်မြေ၌ပင် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှ ထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကို ရည်ရွယ်၍ MSME ထုတ်ကုန်ပြိုင်ပွဲကြီး တစ်ရပ်ကျင်းပရန် အပြင် ဒေသန္တရ ရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် အမျိုးအစားစုံလင်စွာဖြင့် ထိတွေ့ခံစားနိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက် စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ယခင်အခမ်းအနားများထက်ပို၍ တင်းတင်းကြပ်ကြပ် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့်ဆောင်ရွက်နေကြလုပ်ငန်းများ ဖြစ်သော်လည်းမှားယွင်းမှု၊ လစ်ဟာမှု မရှိအောင် ဂရုစိုက်ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက် သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက် လာကြသူများက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးမြင့်အောင်၊ ဒေါ်ဆွေဇင်ထိုက်နှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လျာထားသတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များမှာ အတိုင်းအတာတစ်ခုအထိ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသည်များ လစ်ဟာမှုမရှိစေရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ယခင်နှစ်က အတွေ့အကြုံရှိပြီးဖြစ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## ဟားခါးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အထွေထွေဗဟုသုတဆိုင်ရာပြိုင်ပွဲ ကျင်းပ

ဟားခါး ဇန်နဝါရီ ၁၀

ချင်းပြည်နယ်အစိုးရအဖွဲ့၏စီစဉ်ပေးမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အထွေထွေဗဟုသုတဆိုင်ရာပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ် ( ၁ ) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ် ဦးစီးမှူး ဦးခမ်လျန်ဆုမ်းက အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေဗဟုသုတဆိုင်ရာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူများ သိသင့်သိထိုက်သည့် အထွေထွေဗဟုသုတ မေးခွန်း ၁၀၀ ကို မေးမြန်းပြီး အမြန်ဆုံးနှင့် မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား မေးခွန်းတစ်ခုလျှင် ဆုငွေကျပ် ၅၀၀၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲတွင် ဟားခါးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု ပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေရောင်ခြည်စွမ်းအင်အသုံးပြု အိမ်သုံးဆိုလာ(Panels 120Watt Solar Home System)အစုံ ၁၅၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV DTH အစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကို ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်နယ်မိသားစုများအတွက် MRTV DTH အစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကိုလှူဒါန်းရာ ဒုတိယတိုင်းမှူးကလည်းကောင်း လက်ခံရယူကြသည်။




ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်ရှိ မနောကွင်း၌ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အပိတ်မနောအကကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ကရင်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက မနောအကဦးဆောင်သူ နောင်ရှောင်(Nau Shawng)များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသသည့် အနေဖြင့် အောင်မြင်ခြင်း အထိမ်းအမှတ် မနောကွင်းအတွင်း တပျော်တပါး စုပေါင်းဆင်နွှဲကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ပြီး နောက် ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကချင်ပြည်နယ်ကောင်စီ ညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက် ကိုယ်တိုင်တက်ရောက်၍ ကချင်ပြည်နယ်အစိုးအရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၎င်း ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့ အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၇)နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဆု၊ ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းပေးအပ်ချီးမြှင့်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စီမံထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု(ပထမအဆင့်)ရရှိသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က စီမံထူးချွန်ဆု၊ စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု(ဒုတိယအဆင့်နှင့် တတိယအဆင့်)ရရှိသူများကို လည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ညနေပိုင်းတွင် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်ရာ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို တက်ရောက်လာကြသူများနှင့် အတူတကွ နွေးထွေးပျော်ရွှင်စွာ သုံးဆောင်ကြပြီး ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု အက အလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကျင်းပ

## ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး ပူးပေါင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်





**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ ရရှိရေးအတွက် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်လျက်ရှိရာ "အပြာရောင် စီးပွားရေး (Blue Economy)" သဘောတရားများ ဖော်ထုတ်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေးဖော်ထုတ်နိုင်မည့် အလားအလာအနေဖြင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ထောက်ပံ့ပေးနိုင်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ကုန်အမျိုးမျိုး ထုတ်လုပ်ရန် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများနှင့် ရေထွက်သယံဇာတများ မွေးမြူနိုင်ခြင်း၊ ပုလဲမွေးမြူခြင်းနှင့် ထုတ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများ ရှိခြင်း၊ နေ၊ ရေ၊ လေ စွမ်းအင်စသည့် ပြန်လည်ပြည့်မြဲစွမ်းအင်များ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ သဘာဝအတိုင်း တည်ရှိနေသည့် ကမ်းခြေနှင့် ကျွန်းများတည်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့်အခွင့်အလမ်းများစွာကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေး၏ အခွင့်အလမ်းများစွာရှိသကဲ့သို့ တစ်ဖက်တွင်လည်း စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ရေရှည်တည်တံ့သော ကမ်းရိုးတန်း ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်သွားရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအစဉ်၊ အစီအမံများနှင့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏လုပ်ငန်းဆောင်ရွက်တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များဆောင်ရွက်နေမှု၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ အစီအမံများနှင့် အပြာရောင်စီးပွားရေး (Blue Economy)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**လွှဲပြောင်းပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးတွင် အလုပ်ဌာန ၇၃၀၇ ဌာန၊ အာမခံအလုပ်သမား ၁၂၄၁၆၄ ဦး မှတ်ပုံတင်ထားသည့်အနက် အလုပ်ဌာန ၉၅ ဌာနမှ ရေဘေးသင့် အာမခံအလုပ်သမား ၁၁၉၇ ဦးရှိပြီး အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မန္တလေးအလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ ဌာနကြီးဆေးခန်း ကိုးခန်း၊ စာချုပ်ဆေးခန်းခုနစ်ခန်း ဖွင့်လှစ်၍ ၂၀၂၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ အာမခံအလုပ်သမား လူနာပေါင်း ၉၀၂၈၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးထံ အာမခံအလုပ်သမား ၁၁၉၇ ဦးအတွက် လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၉၇ ဒသမ ၁၁၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အာမခံအလုပ်သမားများနှင့် အလုပ်ရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးသို့လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း ဖွင့်လှစ်ပို့ချနေမှုကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးသို့လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေး-ဘေးမခ အထွေထွေရောဂါကုဆေးခန်း၌ အာမခံအလုပ်သမားများအား ဆေးဝါးကုသဆောင်ရွက်ပေးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါသင်တန်းကျောင်းခန်းမ၌ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော Myanmar – Belarus Business Forum သို့ တက်ရောက်အားပေး

**ရန်ကုန် ဇန်နဝါရီ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည့် Myanmar – Belarus Business Forum သို့ တက်ရောက်အားပေးသည်။




အဆိုပါဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောက နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး အပြန်အလှန်ထူထောင်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အထူးစီးပွားရေးဇုန်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် နှစ်နိုင်ငံအစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက ယခုခရီးစဉ်တွင် ဘယ်လာရုစ်စီးပွားရေးလုပ်ငန်းရှင်များလည်း အတူ လိုက်ပါလာကြကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုရယူ၍ မကြာမီကာလအတွင်း လုပ်ငန်းများ စတင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား မြန်မာ့ထွက်ကုန်များမှ Export ဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီးပွားရေး အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ တာဝန်ရှိသူများက ဓာတ်မြေဩဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါး ထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးဆိုင်ရာကဏ္ဍနှင့် ရေထွက်ပစ္စည်းထုတ်ကုန်ဆိုင်ရာကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဖိုရမ်အပြီးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်၍ စီးပွားရေး ချိတ်ဆက်ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် Myanmar–Belarus Business Forum တွင် ဓာတ်မြေဩဇာလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ဆေးဝါးထုတ်ကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းနှင့် စားသောက်ကုန်ဆိုင်ရာကဏ္ဍများကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များ၊ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။



**ဆွေးနွေးမှာကြား**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးတွင် စပါးတစ်ကေချင်း ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းကြရန်၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရန်၊ ဒေသတစ်ခုချင်းစီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရင်းဇယားများ မှန်ကန်စွာကောက်ခံတင်ပြနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဧရာဝတီရေလုပ်ငန်း ကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံ၏ ပုစွန်နှင့် ကျားပုစွန် တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တွေ့ဆုံ၍ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာသားငါးကုန်ထုတ်လုပ်မှုကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းများ ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာအုပ်စုရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(ပန်းတနော်)၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးစိတ်များ စမ်းသပ်သုတေသနပြုနေမှု၊ ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီလီမိတက်၏ အသားတိုးဝက်နှင့် တီလားပီးယား ငါးမွေးမြူထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်နေမှုနှင့် ညောင်တုန်းမြို့နယ် ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ ငါးကြင်းနှင့် ငါးတန်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (၉)မိုင်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံ နေကြာနှင့် ပဲမျိုးစုံစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စွန်ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီး၏ ပေတိုင် ၁၃၇၀၀ ၌ မူလဆည်ရေသောက်ပြင်ပ ရေပေးမြောင်းအထက်ဘက်ရှိ ကုန်းမြင့်စိုက်ပျိုးမြေများအတွက် အလိုအလျောက်ရေတင်စနစ် (Water Turbine Pump)ပြုလုပ်တပ်ဆင်ခြင်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာအုပ်စု ပုလင်းဆည်ရေသောက်စနစ်ရှိ တောင်သူဦးရဲဝင်း၏ ရေဆင်း-၆ ဆောင်းကုလားပဲ အထွက်တိုးစံပြကွက်ကိုလည်းကောင်း၊ မကွေးမြို့ ဆားတိုင်ကန်ကျေးရွာရှိ ခြံလှောင်စနစ်ဖြင့် မွေးမြူထားသော ပုဂ္ဂလိကဝက်မွေးမြူရေးခြံကို လည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ဧရာဝတီမြစ်မှ ရေကို ရယူစုပ်တင်ပြီး အကျိုးပြုဧက ၇၀၀ ကို စိုက်ပျိုးရေပေးဝေရန်အတွက် မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားသည်။



ယင်းနောက် မကွေးမြို့နယ် အလယ်ဘိုကျေးရွာရှိ ဆိုလာမြေအောက်ရေတွင်း အမှတ်(၁)နှင့် နွေနှမ်းစံပြစိုက်ခင်းစိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ အကြံပြုဆွေးနွေး ပြောကြားကာ တက်ရောက်လာကြသော ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၀**

"အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

**ဆက်လက်ဆွေးနွေး**

ဒုတိယနေ့ ဆွေးနွေးပွဲတွင် အာဆီယံမဏ္ဍိုင်(၃) ရပ်ကို အဓိကတာဝန်ယူထားကြသည့် တာဝန်ရှိသူများ၊ အာဆီယံဆိုင်ရာကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဘာသာရပ်ကျွမ်းကျင်သူအရာရှိများက ပထမနေ့တွင်ဆွေးနွေးခဲ့သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအောက်ရှိ ဆွေးနွေးအကြံပြုတင်ပြချက်များနှင့် ရလဒ်များအပေါ်အခြေခံ၍ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ လုပ်ငန်းပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ သက်ဆိုင်ရာကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများဖော်ထုတ်၍ အာဆီယံယန္တရားများနှင့် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ဆက်လက်ဆွေးနွေးကြသည်။




ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အာဆီယံအတွင်း မဏ္ဍိုင်(၃) ရပ်အောက်ရှိ ကဏ္ဍပေါင်းစုံလွှမ်းခြုံသော မဟာဗျူဟာမြောက် နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်မူကြမ်းတစ်ရပ် ပေါ်ထွက်လာနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းသွားကြရန်နှင့် တူညီသောပန်းတိုင်သို့ရောက်အောင် စုပေါင်းအင်အားဖြင့် အစွမ်းကုန်ချီတက်နိုင်ရန် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းလိုက်သည်။

နှစ်ရက်တာကျင်းပခဲ့သည့် ဆွေးနွေးပွဲမှတစ်ဆင့် အာဆီယံမဏ္ဍိုင်(၃)ရပ်အောက်ရှိ ဝန်ကြီးဌာနများအကြား ကွန်ရက်တစ်ခုပေါ်ထွက်လာနိုင်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များကိုအခြေခံကာ နိုင်ငံတော်အဆင့်လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို ဖော်ဆောင်ရာ၌ အာဆီယံမဏ္ဍိုင် အသီးသီး၏ ဗျူဟာမြောက်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံကအပြုသဘော ပူးပေါင်းပါဝင်ကာ မိမိတို့နိုင်ငံအကျိုးကိုဒေသအကျိုးစီးပွားနှင့် ချိတ်ဆက်ဖော်ဆောင်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော် - သာစည် - သဲတော ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင် ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် – သာစည် – သဲတော ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက တံတားအဝင်၊ အထွက်နေရာများတွင် ခုန်ဆောင့်လူးမဖြစ်စေရေး Run Off Frame များစနစ်တကျ တပ်ဆင်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်၊ သံလမ်းအဆက်နေရာများတွင် သံလမ်းအဆက် ညှိခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ရေတိုက်စားခံရသည့်နေရာများတွင် တာပေါင်များ သတ်မှတ်အကျယ်ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများစနစ်တကျဆောင်ရွက်ရန်နှင့် ရထားလမ်းပိုင်းအတွင်း သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ စနစ်တကျဖြည့်သွင်းပြီး Hand Tamp Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် သဲတော – မန္တလေး ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စမုံရထားလမ်းတံတား တံတားအမှတ် ၆၉၁ နေရာတွင် စမုံရထားလမ်း တံတားသစ် (ဒွေးလမ်း)ကို စနစ်တကျ ဒီဇိုင်းရေးဆွဲအတည်ပြုတည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ဒီဇယ်စက်ခေါင်းရုံ (မန္တလေး)၊ မြစ်ငယ်ကွန်ကရစ်ဇလီဖားစက်ရုံနှင့် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့သို့သွားရောက်စစ်ဆေးပြီး မန္တလေးဘူတာကြီး၌ မြန်မာ့မီးရထားတိုင်းအဆင့် အရာထမ်းများနှင့်တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်း ရထားမတော်တဆမှုများ ဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ဝန်ထမ်းများအား မွမ်းမံသင်တန်းပေးခြင်း၊ Maintenance Manual များအတိုင်း ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန်ဆောင်ရွက်ရန်၊ Simi Mechanize စနစ်ဖြင့် ရထားလမ်းများပြုပြင်ထိန်းသိမ်းရန်နှင့် ခရီးသွားပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုပေးရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး လျာထားသတ်မှတ်မှုနှင့် စပ်လျဉ်း၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဖြေဆိုသူ ၅၀၀၀ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် နိုင်ရေး လျာထားသတ်မှတ်မှုနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ NSSA မှတာဝန်ရှိသူများ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဝင်များ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးဌာနများမှ တာဝန်ခံများနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများကအွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက (NSSA) ဦးဆောင်မှုဖြင့် ကျွမ်းကျင်မှု အဆင့်အလိုက် ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင် ၅၃ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာန ၂၈၂ ခု၊ စစ်ဆေးရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၈၄ ဦးဖြင့် ကျွမ်းကျင်လုပ်သား ၂၈၁၀၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအထိ လုပ်ငန်းကဏ္ဍခြောက်ခုမှ ဖြေဆိုသူ ၂၀၃၃ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့သဖြင့် ကျန်ကာလအတွင်း လျာထားချက်ပြည့်မီရေး စစ်ဆေးအကဲဖြတ်ရန်လိုကြောင်း၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံသတ်မှတ်ရေးကော်မတီများနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနများ အနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အတည်ပြုချက်များကို ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Little Flamingo Co.,Ltd. နှင့် Sujin Co.,Ltd. အထည်ချုပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချောက်မြို့၌ စွယ်တော်မြတ်စေတီပုံစံတူ တည်ထားကိုးကွယ်မည်



**မကွေး ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နှင့်ကျေးရွာများမှ အများပြည်သူများ ဖူးမြော်နိုင်ရေးအတွက် ချောက်မြို့တွင် ဉာဏ်တော်အမြင့် ၈၁ ပေရှိစွယ်တော်မြတ်စေတီပုံစံတူ တည်ထားကိုးကွယ်မည့် အခြေအနေကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုသည်။

ထိုသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်မည့် ချောက်မြို့ အမှတ် (၅) ရပ်ကွက်ကွင်းအမှတ် ၂၉၃ ရှိ မြေ ၂၀ ဒသမ ၀၈ ဧကပေါ်တွင်စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာဌာနများပေါင်းစပ်၍ မြေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ စေတီတော်တည်ထားမည့်ပန္နက်မြေနေရာ အတည်ပြုသတ်မှတ်ခြင်း၊ မြေပြုပြင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ချောက်ခရိုင်အတွင်းရှိ ဘုရားစေတီဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စွယ်တော်မြတ်စေတီတော်ပုံတူတည်ဆောက်ရေး ဆောင်ရွက်မည့်အခြေအနေ၊ စေတီတော်ကြီးကို အများပြည်သူလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်မည်ဖြစ်သည့်အတွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ကုသိုလ်ယူပါဝင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားပြီး မြို့မိမြို့ဖများ၏တင်ပြမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ စာတမ်းဖတ်ပွဲကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



အဆိုပါညီလာခံကို ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်ကို ညွှန်ပြခြင်းဟူသော ဦးတည်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် စာတမ်းဖတ်ပွဲများကို အုပ်စု ခြောက်စု၊ အခန်း ခုနစ်ခန်း ခွဲ၍ ဆက်လက်ကျင်းပသည်။

Parallel Session 1 တွင် ဆရာအတတ်ပညာရေးဆိုင်ရာစာတမ်းများ၊ Parallel Session 2 တွင် ဝိဇ္ဇာနှင့်သိပ္ပံ ပညာရပ်စာတမ်းများ၊ Parallel Session 3 နှင့် 4 တို့တွင် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ စာတမ်းများ၊ Parallel Session 5 တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာစာတမ်းများ၊ Parallel Session 6 တွင် ဘာသာစကား အရင်းအမြစ်နှင့် ဉာဏ်ရည်တု နည်းပညာဆိုင်ရာ စာတမ်းများ၊ Parallel Session 7 တွင် မျိုးဆက်သစ်လူငယ်များ၏ ပညာရပ်ဆိုင်ရာ ပါရဂူစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် Parallel Session အလိုက် သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးမှု အနှစ်ချုပ်ကို ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာကေသွယ်လှိုင်၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေအောင်နှင့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်တို့က ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက သိပ္ပံနှင့် နည်းပညာ စွမ်းပကားများဖြင့် နောင်လာနောက်သား မျိုးဆက်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့် အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုး ထမ်းရွက်ကြစေလိုပါကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**တိုက်ကြီး ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(တိုက်ကြီး) အနော်ရထာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဝေတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းက ပညာရေးစုံညီပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဘက်စုံထူးချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# ဒုတိယဝန်ကြီး ဦးကိုကိုကျော် Chung-Ang University (CAU) အငြိမ်းစားဂုဏ်ထူးဆောင် ပါမောက္ခအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ကိုရီးယားသမ္မတနိုင်ငံ Chung-Ang University (CAU)၊ နိုင်ငံတကာလေ့လာရေးဘွဲ့လွန်ကျောင်း (GSIS) ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေး (FGPT) ဆိုင်ရာ CAU ဖောင်ဒေးရှင်းဥက္ကဋ္ဌ အငြိမ်းစားဂုဏ်ထူးဆောင် ပါမောက္ခ Dr. Taehyun Kim အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးမြှင့်ခိုင်မာရေး၊ ပညာရေးနှင့်သက်ဆိုင်ရာ ကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်မည့်အခြေအနေ အပါအဝင် မြန်မာသံတမန်များအတွက် ဘာသာရပ်ဆိုင်ရာ ရက်တိုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ Aliance ငွေစုငွေချေးရုံးမှငွေများကို အဆိုပါရုံးမှ ရုံးဝန်ထမ်းနှစ်ဦး၊ ညစောင့်တစ်ဦးနှင့် သော့ဖျက်ပေးသူ အမျိုးသားတစ်ဦးတို့က ပူးပေါင်းစီစဉ်ရယူခဲ့ကြပြီး ညှော်စာရင်းလာစစ်သည့်အဖွဲ့များက တံခါးဖျက်ယူဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း လီဆယ်သတင်းပို့ခဲ့သည့်ဖြစ်စဉ်ကို ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၉) ပွေးတောင်ရပ်ကွက်နေ Aliance ငွေစုငွေချေးရုံးမှ မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်သည် ရပ်ကွက်ကြီး(၆) သစ်တောလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ Aliance ငွေစုငွေချေးရုံးသို့ရောက်ရှိစဉ် ရုံးညစောင့်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၇) သာယာကုန်းကျေးရွာနေ ဦးခင်မောင်ကြည် (၅၉) နှစ် (ဘ) ဦးကြည်၏ပြောပြချက်အရ ဇန်နဝါရီ ၈ ရက် ည ၁၂ နာရီခွဲတွင် ၎င်းက ငွေစုငွေချေးရုံး၌ ညစောင့်တာဝန်ဆောင်ရွက်နေစဉ် အနက်ရောင်ဘောင်းဘီရှည်၊ အနက်ရောင်အနွေးထည်အင်္ကျီဝတ်ထားသူ အမည်မသိအမျိုးသား နှစ်ဦးက ယာဉ်အမှတ် 1E/ 2737 HONDA FIT အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ရောက်ရှိလာပြီး ညှော်စာရင်းစစ်ဆေးမည်ဟုပြောဆို၍ ရုံးခြံဝင်းအတွင်းသို့ ဝင်လာကာ ရုံးပြတင်းပေါက် သံပန်းတံခါးကို သံချောင်းဖြင့် ကန့်လန့်ဖွင့်၍ ရုံးခန်းအတွင်းထားရှိသည့် မြန်မာငွေစက္ကူ ရေရာ ငွေကျပ် ၁၀၀၃၀၂၄၀၀ ထည့်ထားသည့် LECCO တံဆိပ်ပါ မီးခံသေတ္တာတစ်လုံးနှင့် ရုံးအတွင်းတပ်ဆင်ထားသည့် CCTV ကြိုးများကို ဖြတ်တောက်၍ CCTV မှတ်တမ်းအထိုင်စက်တို့ကို ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းသို့ လာရောက်သတင်းပို့တိုင်တန်းခဲ့ရာ ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး ပြင်ဦးလွင်မြို့မရဲစခန်း(ပ)၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇/၁၁၅ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားစဉ် ညစောင့်တာဝန်ဆောင်ရွက်နေသည့် Aliance ငွေစုငွေချေးရုံးမှ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည်အား စစ်ဆေးခဲ့ရာ ဇန်နဝါရီ ၈ ရက် ည ၉ နာရီခွဲတွင် Aliance ငွေစုငွေချေးရုံးရှေ့သို့ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၉) ငါးရံ့ချောင်းကျေးရွာနေ အောင်ကိုကို (၃၃) နှစ် (ဘ) ဦးဌေးဝင်းနှင့် ချေးငွေတာဝန်ခံဖြစ်သူ ရပ်ကွက်ကြီး(၂၁)နေ ငြိမ်းချမ်းဖြိုး



(ဝဲမှယာ) တရားခံ ခင်မောင်ကြည်၊ ဆန်းအေး(ခ)ကာဒရ်ဘိုင်၊ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီး၊ အောင်ကိုကို။

(ခ)အိုက်ပီး (၂၈) နှစ် (ဘ)ဦးညွန့်ဖေတို့နှစ်ဦးက ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ရုံးခန်းအတွင်းရှိ မီးခံသေတ္တာကို ခိုးယူမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက ငွေကျပ်သိန်း ၁၅၀ ပေးမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများမေးမြန်းပါက ညှော်စာရင်းလာရောက်စစ်ဆေးသည့်အဖွဲ့များက ခြိမ်းခြောက်ယူဆောင်သွားခဲ့သည်ဟု လီဆယ်ထွက်ဆိုပေးရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ ယုတ္တိရှိစေရန် ၎င်းအား လက်နှင့်ခြေထောက်တို့တွင် တိပ်အပြာဖြင့် ပတ်ထားခဲ့ပြီး ရုံးအတွင်းရှိ မီးခံသေတ္တာတစ်လုံးနှင့် CCTV အထိုင်စက်တို့အား ယူဆောင်သွားခဲ့ကြခြင်းဖြစ်ကြောင်း၊ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည်အနေဖြင့် လုပ်ငန်းအောင်မြင်ပါက ၎င်းအား ငွေကျပ်သိန်း ၁၅၀ ပေးမည်ဟု အောင်ကိုကိုတို့နှစ်ဦးက မက်လုံးပေးစည်းရုံးထားသဖြင့် မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်ထံ ဖြစ်စဉ်ကို အမှန်အတိုင်းတင်ပြခြင်းမရှိဘဲ ၎င်းကိုယ်တိုင် ပါဝင်ပူးပေါင်းကျူးလွန်၍ ဖြစ်စဉ်အမှန်အား ဖုံးကွယ်ကာ လုံခြုံရေးအဖွဲ့အစည်းများအပေါ် အများပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် လီဆယ်ထိန်ချန် ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံဖြစ်သူ ခင်မောင်ကြည်၏ထွက်ဆိုချက်အရ ကျန်တရားခံများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့ရာ ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့ စံပယ်လမ်းနှင့် နဝရတ်လမ်းထောင့်၌ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ အောင်ကိုကို၊ ငွေချေးတာဝန်ခံဖြစ်သူ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီးနှင့် မီးခံသေတ္တာအတွင်းမှ ငွေများထုတ်ယူရရှိနိုင်ရေး သော့တုဖြင့်ဖွင့်လှစ်ပေးသူ ရပ်ကွက်ကြီး(၇)နေ ဆန်းအေး (ခ) ကာဒရ်ဘိုင် (၅၂) နှစ် (ဘ)ဦးမူဆာတို့ သုံးဦးအား ငွေကျပ် ၉၉၇၀၂၄၀၀၊ LECCO တံဆိပ်ပါ မီးခံသေတ္တာ တစ်လုံး၊ ရုံးသုံးလက်ပ်တော့ နှစ်လုံး၊ ရုံးသုံးကြိုးဖုန်း တစ်လုံး၊ ရုံးသုံး CCTV သုံးလုံး၊ အစိမ်းရောင်တိပ်ခွေ တစ်ခု၊ ကတ်ကြေး တစ်လက်၊ ရုံးသုံး Tablet တစ်လုံး၊ ကျောပိုးအိတ် နှစ်လုံးနှင့် ပြစ်မှုကျူးလွန်စဉ် အသုံးပြုမောင်းနှင်ခဲ့သည့် ယာဉ်အမှတ် 1E/2737 HONDA FIT အဖြူရောင်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် Aliance ငွေစုငွေချေးရုံးမှ တရားခံ အောင်ကိုကို၊ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီးနှင့် ခင်မောင်ကြည်တို့ သုံးဦးသည် ငွေစုငွေချေးရုံးမှငွေများကို ညအချိန်ပုန်းလျှိုးကျော်နင်း ဝင်ရောက်ယူဆောင်ရာတွင် ၎င်းတို့ကျူးလွန်သည့်ပြစ်မှုအား ဖုံးကွယ်၍ ရပ်ရွာလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအဖွဲ့အစည်းများအပေါ် ထင်ယောင်ထင်မှားဖြစ်ကာ ယုံကြည်မှုကျဆင်းစေရန်နှင့် အများပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် လီဆယ်ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တရားခံအောင်ကိုကိုပါ သုံးဦးနှင့် ပူးပေါင်းကျူးလွန်သူ တရားခံ ဆန်းအေး(ခ)ကာဒရ်ဘိုင်တို့ လေးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများက မြို့ရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ရွာများအတွင်း အကြမ်းဖက်သမားများ ဝင်ရောက်မလာစေရန် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drone များကို အသုံးပြု၍ မီးလောင်ဗုံးများဖြင့် တိုက်ခိုက်ရာမှ လူနေအိမ်အဆောက်အအုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ဖြစ်စဉ်ဖြစ်ရပ် မှန်ကန်မှုမရှိသည့် သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၀၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆) တွင် ဖော်ပြခဲ့သော သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သတင်း ကော်လံ (၄) စာကြောင်းရေ (၆) တွင် ဖော်ပြခဲ့သည့် ငွေကျပ် ၃၇ သိန်းကျော် အစား ငွေကျပ် သိန်း ၃၇၀၀ ကျော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# စိုက်ပျိုးစွမ်းအား ဆည်တမံများဖြင့် ပြည့်ထွန်းကားစေ ဥဒယမြေ

**မြင့်မြတ်သစ္စာ**

**ပဲခူးတိုင်းဒေသကြီး၏မြို့တော်ဖြစ်သည့် ပဲခူးမြို့သည် ရန်ကုန်မြို့မှ ကီလိုမီတာ ၈၀ အကွာတွင်တည်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ထိုသို့အောင်မြင်ဖြစ်ထွန်းလာခြင်းက ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သည်။**




စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အကျိုးပြုနေသည့် မဇင်းဆည်တမံကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကဏ္ဍတွင် နှစ်သီးစိုက်မှ သုံးသီးစိုက်အဖြစ် မြှင့်တင်ဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသော ဆည်တမံများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် မိုးစပါးကို အများဆုံးစိုက်ပျိုးကြသည့်နည်းတူ တောင်သူများ အထူးအားထားရာ နွေစပါးကိုလည်း နှစ်စဉ်မပြတ် စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အလေးထားဆောင်ရွက်နေသည့်နည်းတူ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဆန်စပါးစိုက်ပျိုးမှုကဏ္ဍတွင်လည်း တောင်သူများလိုအပ်သည့် ဆည်ရေကို အစဉ်မပြတ် ပို့လွှတ်ပေးဝေမှုဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆည်တမံများ၏အခန်းကဏ္ဍသည် အသက်သွေးကြောသဖွယ် အရေးပါလာခြင်း ဖြစ်သည်။

## မြို့တွင်း၊ မြို့ပြင် စည်ကားလျက်ရှိ

ဆောင်း၏အအေးဓာတ်သည် ရန်ကုန်မြို့ နံနက်ခင်းကို အပြည့်အဝ လွှမ်းခြုံမှုမပေးနိုင်သော်လည်း ဆောင်းရာသီဟူသော ဂုဏ်ကိုထိန်း၍ ဟိုတစ်စ၊ သည်တစ်စဖြင့် သစ်ပင်စုစု နေရာအနီးတစ်ဝိုက်၌ အအေးလှိုင်းနုနုတို့ ရစ်သိုင်းလျက်ရှိသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နံနက်မိုးသောက် အလင်းရောက်သည်နှင့် စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ အစိုးရဌာနဆိုင်ရာများနှင့် ပညာရေးကဏ္ဍတို့မှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် မြို့တွင်း၊ မြို့ပြင်လမ်းမကြီးပေါ်တွင် သွားလာစည်ကားလျက်ရှိသည်။

> **“မဇင်းဆည်တမံသည် ၁ ဒသမ ၅ မိုင်ရှည်သော တူးမြောင်းမကြီးမှတစ်ဆင့် ၈ ဒသမ ၅ မိုင်ရှိသည့် လက်တံမြောင်း ၁၆ ခုဖြင့် ဆည်ရေသောက်ဧရိယာ ဧက ၆၅၀ နှင့် သီးနှံဧရိယာ ဧက ၆၅၀ တို့ကို ရာသီအလိုက် ရေပို့လွှတ်ပေးလျက်ရှိရာ စိုက်ပျိုးရေပေးဝေမှုသာမက ပဲခူးမြို့ သောက်သုံးရေအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော နေ့စဉ် ရေဂါလန် ၁၁ သန်း ဖြန့်ဝေပို့လွှတ်နိုင်သည့် ဆည်တမံတစ်ခု လည်းဖြစ်”**

ရန်ကုန်မြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသော စာရေးသူတို့ယာဉ်ငယ်သည် မြို့တွင်းမှ ထောက်ကြန့်လမ်းဆုံကိုဖြတ်သန်းခဲ့ပြီး အမှတ် (၃) လမ်းဆုံသို့ ရောက်ရှိချိန်တွင် အမြန်လမ်းမကြီးနှင့် ရန်ကုန်–ပဲခူးလမ်းသို့ ဖြတ်သန်းသွားလာကြသည့် ယာဉ်များကိုတွေ့ရပြီး ဒီဇင်ဘာလခရီးသွားရာသီတွင် ဘုရားဖူးယာဉ်များနှင့် အပန်းဖြေခရီးသွားယာဉ်များ၊ ကုန်စည်ပို့ဆောင်သောယာဉ်များ၊ အဝေးပြေးယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ ဥဒဟိုသွားလာလျက်ရှိသည်။

ရန်ကုန်တိုးဂိတ် (လှည်းကူး)တွင် ယာဉ်များ ဝင်ရောက်ဖြတ်သန်းလျက်ရှိပြီး နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ရန်ကုန်–ပဲခူးလမ်းမကြီးသည် တောက်ပလျက်ရှိသည်။ တိုးဂိတ်ကိုဖြတ်သန်းပြီး လှည်းကူးမြို့သို့ဝင်ရောက်လာချိန်တွင် ဖရဲသီးရောင်းသောဆိုင်လေးများကို တွေ့ရပြီး ဤမြို့လေးသည်လည်း စိုက်ပျိုးရေးမပြတ် လုပ်ဆောင်သောမြို့အဖြစ် သတိပြုမိကြသည်။

လှည်းကူး–ဆူးလေ ပြေးဆွဲသည့် မှန်လုံယာဉ်ဂိတ်ကိုတွေ့ရပြီး ရန်ကုန်မြို့တွင်းနှင့် မြို့ပြင်ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်မှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ အထောက်အပံ့ကောင်းများအဖြစ် တွေ့မြင်ရလျက်ရှိသည်။ ရန်ကုန်–မန္တလေးလမ်းဟောင်းပေါ်ရှိ လှည်းကူးမြို့၏ တစ်ဖက်သုံးလမ်းသွား လမ်းမကြီးပေါ်တွင် ယာဉ်များသွားလာလျက်ရှိသည်။

ဖောင်ကြီး–အမှတ်(၂)လမ်းဆုံမှ ရန်ကုန်–ပဲခူးလမ်းပေါ်ရှိ တိုးဂိတ်တစ်ခုကို ဖြတ်သန်းခဲ့ရာ ကားလမ်းဝဲဘက်၌ ရိတ်သိမ်းထားသော မိုးစပါးခင်းများနှင့် ကားလမ်းယာဘက်၌ နှင်းရည်ဆွတ်ဖျန်းထားသည့် ဆောင်းသီးနှံစိုက်ခင်းများမှာ စိမ်းစိုလန်းဆန်းလျက်ရှိသည်။ ဇရပ်ကွင်းနှင့် အင်းတကော်မြို့တို့ကိုဖြတ်သန်းခဲ့စဉ် မွေးမြူရေးခြံများနှင့် စက်ရုံများကိုတွေ့ရသည်။ ပဲခူးမြို့သည် စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍတို့တွင် ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်နိုင်သော မြို့တစ်မြို့အဖြစ် သတိပြုမိသည်။

မြို့တွင်းလမ်းနှင့် မြို့ရှောင်လမ်းဆုံဖြစ်သော ပဲခူးတက္ကသိုလ်လမ်းဆုံတွင် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုကို ခံ့ထည်ဝင့်ကြွားစွာ တွေ့မြင်ရပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ သတိပြုနှစ်ခြိုက်စေမည့် မြို့ပြသင်္ကေတအဖြစ် ဂုဏ်ယူဖွယ် တွေ့မြင်ရသည်။

## ကြည်လင်သန့်ရှင်းနေသည့် ရေပြင်ကျယ်ကျယ် ဆည်တမံ

ပဲခူးမြို့အနောက် မြို့ရှောင်လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ပဲခူးစက်မှုဇုန်ကို ဖြတ်သန်းခဲ့ပြီး ထိုကားလမ်းဝဲဘက်ခြမ်းတွင် မဇင်းရေလှောင်တမံဟူသော ဆိုင်းဘုတ်လမ်းညွှန်အတိုင်း ဝင်ရောက်ခဲ့ရာ ကြည်လင်သန့်ရှင်းနေသည့် ရေပြင်ကျယ်ကျယ် ဆည်တမံတစ်ခုကို တွေ့လိုက်ရသည်။ လေတဖြူးဖြူးတိုက်ခတ်နေသည့် မဇင်းရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၌ရှိသော ဆည်တမံများတွင် အရေးပါသည့် ဆည်တမံတစ်ခုလည်းဖြစ်သည်။

နှစ်စဉ် နွေစပါးစိုက်ပျိုးရေးအတွက် အထောက်အပံ့ပြုနေသည့်အပြင် ပဲခူးမြို့သောက်သုံးရေအတွက် ပို့လွှတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသော ဆည်တမံတစ်ခုလည်းဖြစ်သည်။ ဆည်တမံများတွင် စိုက်ပျိုးရေးအတွက် ရေပို့လွှတ်နိုင်ရန် အဓိကတည်ဆောက်ကြသော်လည်း မြို့ပြအတွက် လိုအပ်သည့် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံရှားပါးလှရှိရာ ထိုသို့ရှားပါးသောဆည်တမံတို့တွင် ပဲခူးခရိုင်မှ မဇင်းဆည်တမံလည်း ပါဝင်သည်။ မိတ္ထီလာမြို့အတွက် အရေးပါသော မိတ္ထီလာကန်ကဲ့သို့ ကြည်လင်သန့်ရှင်းနေသည့် မဇင်းဆည်တမံသည်လည်း ပဲခူးမြို့အတွက် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

မဇင်းဆည်တမံသည် ရေဆင်းဧရိယာ ၁၁ စတုရန်းမိုင်ရှိပြီး မြေသားတမံဖြစ်၍ တမံသည် အလျားပေ ၄၁၀၀၊ အမြင့်ပေ ၆၀ ရှိသည်။ ရေပြည့်ရေလှောင်ပမာဏသည် ၂၆၁၈၆ ဧကပေရှိပြီး ကန်ရေသေပမာဏသည် ဧကပေ ၁၉၅၀ ရှိသည်။ ရေပိုလွှဲအကျယ်သည် ပေ ၃၀ ရှိပြီး ရေပိုလွှဲအလျားသည် ၂၈၅ ပေရှိကာ ရေထုတ်ပြွန်အရွယ်အစားအကျယ် လေးပေ၊ အမြင့်ခြောက်ပေဖြင့် ရေထုတ်ပြွန်အလျား ပေ ၁၇၀ မှ ရေပို့လွှတ်ပေးလျက်ရှိသည်။ ၁ ဒသမ ၅ မိုင် ရှည်သော တူးမြောင်းမကြီးမှတစ်ဆင့် ၈ ဒသမ ၅ မိုင်ရှိသည့် လက်တံမြောင်း ၁၆ ခုဖြင့် ဆည်ရေသောက်ဧရိယာ ဧက ၆၅၀ နှင့် သီးနှံဧရိယာ ဧက ၆၅၀ တို့ကို ရာသီအလိုက် ရေပို့လွှတ်ပေးလျက်ရှိရာ စိုက်ပျိုးရေပေးဝေမှုသာမက ပဲခူးမြို့ သောက်သုံးရေအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော နေ့စဉ် ရေဂါလန် ၁၁ သန်း ဖြန့်ဝေပို့လွှတ်နိုင်သည့် ဆည်တမံတစ်ခုလည်းဖြစ်သည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လင်းရောင်ခြည်များဖြစ်သည့် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ဆည်တမံ ၁၃ ခုကို တာဝန်ယူဆောင်ရွက်နေသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟအောင်က မိုးစပါးအောင်ရေး၊ နွေစပါးနှင့် ဆောင်းသီးနှံတို့အတွက် လိုအပ်သောဆည်ရေဖြန့်ဝေပေးနေမှုနှင့် မိုးရာသီရေကြီးရေလျှံဖြစ်ပွားမှုကို ကာကွယ်ပေးနေသည့် ဆည်တမံများနှင့် စပ်လျဉ်း၍ ယခုလိုပြောကြားပါသည်–

“ပဲခူးတိုင်းဒေသကြီးမှာ ပဲခူးခရိုင်အနေနဲ့ ဆည်တမံရှစ်ခုနဲ့ ညောင်လေးပင်ခရိုင်က ဆည်တမံ သုံးခုကို တာဝန်ယူရပါတယ်။ ပဲခူးခရိုင်မှာဆိုရင် အလိုင်နီ၊ ရွှေပြည်–၃၊ ဇလပ်ထော်၊ မဇင်း၊ ဝါးကတုတ်၊ စလူ၊ ရွှေလောင်း၊ ကိုတူကွဲရေလှောင်တမံနဲ့ ညောင်လေးပင်ခရိုင်မှာဆိုရင် ပျဉ်ပုံကြီး၊ ဘောနီနဲ့ ကောလိယရေလှောင်တမံ စတဲ့ရေလှောင်တမံ ၁၃ ခုကို တာဝန်ယူရပါတယ်။ ဆည်တမံ ၁၃ ခုထဲမှာ ကောလိယရေလှောင်တမံဟာ ဧက ပေ ၁၆၀၀၀၀ ကျော်နဲ့ ရေသိုလှောင်မှု အများဆုံးဖြစ်ပြီး မိုးယွန်းကြီးကန်က အကျိုးပြုဧရိယာအများဆုံး ဖြစ်ပါတယ်။ ပဲခူးခရိုင်က မဇင်းဆည်တမံဟာ နွေစပါးစိုက်ခင်းတွေကို အကျိုးပြုနေပြီး အထူးသဖြင့် ပဲခူးမြို့သောက်သုံးရေအတွက် ပေးဝေနိုင်ဖို့ ဆောင်ရွက်နေတဲ့ အကျိုးပြုဆည်တစ်ခုလည်းဖြစ်ပါတယ်။

“ပဲခူးခရိုင်နဲ့ ညောင်လေးပင်ခရိုင်က ဆည်တမံ ၁၃ ခုဟာ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းက နွေစပါးနဲ့ ဆောင်းသီးနှံတွေကို အကျိုးပြုနေပါတယ်။ အထူးသဖြင့် ဆည်တမံ ၁၃ ခုမှာပဲခူးခရိုင်ဆိုရင် ဧက ၈၀၀၀၀ ကျော်နဲ့ ညောင်လေးပင်ခရိုင်ဆိုရင် ဧက ၆၀၀၀၀ ကျော်ကို အကျိုးပြုနေတာပါ။ စာမျက်နှာ ၁၇ သို့ ❖



ပဲခူးတိုင်းဒေသကြီး ရေဝပ်ရေလျှံမှုကို ကာကွယ်ထိန်းညှိပေးနေသည့် ဆည်တမံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မဇင်းဆည်တမံကိုတွေ့ရစဉ်။

**“တည်ဆောက်ထားတဲ့ ဆည်တမံတွေက တောင်သူနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိနေပါတယ်။ မိုးတွင်းကာလမှာဆိုရင် ဆည်တမံတွေဟာ မိုးရေကိုထိန်းသိမ်းထားတဲ့အတွက် ရေကြီးရေလျှံမှုတွေကို ကာကွယ်ပေးပြီး နွေရာသီဆိုရင် နွေစပါးစိုက်ခင်းအတွက် ရေပေးဝေတာကြောင့် နိုင်ငံအတွက်လည်း အကျိုးကျေးဇူးရရှိစေပါတယ်။ ဆည်တမံတွေမရှိဘူးဆိုရင် နွေစပါးအတွက် အခက်အခဲရှိပြီး ရေလှောင်တမံတွေက ရေပေးဝေနိုင်မှသာ စိုက်ပျိုးမှုအဆင်ပြေစေပါတယ်”**

❖ စာမျက်နှာ ၁၆ မှ

ဆည်တမံတွေ မှာ မိုးရာသီမရောက်မီ ဆည်ရေတွေပို့လွှတ်ပြီး မိုးရာသီမှာ ရေသိုလှောင်ပါတယ်။ ရေကြီးနစ်မြုပ်မှုမရှိအောင် ဆည်တမံတွေမှာ ရေကိုထိန်းညှိပြီး စုဆောင်းရလေ့ရှိပါတယ်။ ၂၀၂၃ ခုနှစ်ကလို ပဲခူးမှာရေကြီး နစ်မြုပ်မှုမဖြစ်အောင် ၂၀၂၄ ခုနှစ်မှာ ဆည်တမံတွေကို ရေဘေးကာကွယ်ရေးလုပ်ငန်းတွေ မိုးရာသီမစမီက လုပ်ဆောင်နိုင်ခဲ့တာကြောင့် ပဲခူးမြို့အရှေ့ဘက်ခြမ်း (ရှေးဟောင်းမြို့) ကို ဒီနှစ်မှာ ရေဘေးက ကယ်တင်နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်လက်ထက်ကတည်းက တည်ရှိခဲ့တဲ့ တာပေါင်တွေကို ၂၀၂၄ ခုနှစ်မှာ တာပေါင်မြှင့်တင်မှုဆောင်ရွက်ခဲ့ပြီး ဆည်တမံတွေမှာ ရေထိန်းညှိလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့တာကြောင့် ပဲခူးမြို့အရှေ့ခြမ်း ရေကြီးရေလျှံမှုကို မိုးရာသီမှာ ကြိုတင်ကာကွယ်နိုင်ခဲ့ပါတယ်။

“တောင်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုမှာ စိုက်ပျိုးရေးကဏ္ဍဟာ အရေးပါပါတယ်။ ခရိုင်နှစ်ခုမှာ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်တဲ့ရေကို ပို့လွှတ်ပေးခြင်းအားဖြင့် နှစ်သီးစားကနေ သုံးသီးစား စိုက်ပျိုးလာတဲ့တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုဟာ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ နိုင်ငံအနေနဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လင်းရောင်ခြည်များဖြစ်တာကြောင့် တောင်သူတွေ လိုအပ်တဲ့ဆည်ရေကို အခက်အခဲမရှိအောင် တတ်စွမ်းသမျှ တန်ဖိုးထားဖြည့်ဆည်းပေးနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်” ဟုပြောကြားသည်။

### ဆင်နှာမောင်းတောင်တွင် မြစ်ဖျားခံ

ပဲခူးမြို့သည် ဧရိယာအားဖြင့် စတုရန်းမိုင် ၁၁၂ ဒသမ ၆၆ (၇၁၇၈၆၁ ဧက) ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ အနောက်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ သာယာဝတီမြို့နယ်၊ တောင်ဘက်တွင် ကဝမြို့နယ်၊ မြောက်ဘက်တွင် ဒိုက်ဦးမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့ တည်ရှိသည်။ ပဲခူးမြို့သည် ပဲခူးမြစ်ကို အခြေပြုတည်ရှိပြီး ပဲခူးမြစ်သည် ရိုးမပေါ်ရှိ ဆင်နှာမောင်းတောင်တွင် မြစ်ဖျားခံကာ တောင်ဘက်တွင်ရှိသော ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းသွားသည်။ ရိုးမမြောက်ဘက်တွင် မြစ်ဖျားခံသော ကိုလူကွဲချောင်း၊ လက်ပံချောင်း၊ အောင်မြချောင်း၊ ရွှေလောင်းချောင်းနှင့် စလူချောင်းတို့သည်လည်း ပဲခူးမြစ်အတွင်းသို့ ပေါင်းဆုံစီးဆင်းပြီး မဇင်းချောင်း၊ ဇလပ်ထော်ချောင်းနှင့် ဝင်းဘောဒတ်ချောင်းတို့သည်လည်း ပဲခူးမြစ်အတွင်းသို့ စီးဝင်ကြသည်။

ပဲခူးမြို့သည် မြေနိမ့်ပိုင်းဒေသတွင်တည်ရှိသည့်အတွက် မြစ်ရေကြီးမှုကို ကြုံတွေ့ရလေ့ရှိပြီး မြို့၏ စိုးရိမ်ရေအမှတ်သည် စင်တီမီတာ ၈၀၀ ဖြစ်၍ မိုးရာသီတွင် ပဲခူးမြစ်ရေတိုးသည့်အတွက် ရေဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်ရလေ့ရှိရာ ဆည်တမံများသည် ရေကြီးရေလျှံဖြစ်ပေါ်မှုနှင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုကို နှစ်စဉ်ကာကွယ်ပေးလျက်ရှိသည်။

ပဲခူးခရိုင်အတွင်းရှိ စိုက်ခင်းများ ဆည်ရေမပြတ်ရရှိစေရန်နှင့် သန့်ရှင်းသောသောက်သုံးရေအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေသည့် မဇင်းဆည်တမံနှင့်စပ်လျဉ်း၍ ပဲခူးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးနိုင်က ယခုလို ပြောကြားပါသည် -

“ပဲခူးမြို့နယ်မှာ ကိုတူကွဲ၊ စလူ၊ ရွှေလောင်း၊ မဇင်း၊ အလိုင်နီ၊ ရွှေပြည်သုံး၊ ဝါးကတုတ်နဲ့ ဇလပ်ထော် ရေလှောင်တမံဆိုပြီး ရေလှောင်တမံရှစ်ခုရှိပါတယ်။ အဲဒီထဲကမှ ဝါးကတုတ်၊ မဇင်း၊ ဇလပ်ထော်၊ အလိုင်နီနဲ့ ရွှေပြည်သုံး ရေလှောင်တမံငါးခုကို တာဝန်ယူဆောင်ရွက်ရပါတယ်။ မဇင်းရေလှောင်တမံဟာ ကန်ရေပြည့်သိုလှောင်မယ်ဆိုရင် ၂၆၁၈၆ ဧကပေ ဝင်ဆံ့ပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့် သိုလှောင်ထားပြီး အကျိုးပြုဧက ၆၅၀ ကို ရေပို့လွှတ်နိုင်ပါတယ်။ မဇင်းရေလှောင်တမံရဲ့ အဓိကရည်ရွယ်ချက်က မိုးတွင်းကာလမှာ ရေကြီးရေလျှံထိန်းသိမ်းမှုနဲ့ နွေစပါးစိုက်ခင်းရေပေးဝေဖို့ဖြစ်ပြီး နွေစပါးဧက ၆၅၀ ကို ရေပေးဝေဖို့ဖြစ်ပါတယ်။ ပဲခူးမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးရာသီမှာ စိုက်ဧက ၁၉၈၆၀ စိုက်ပျိုးခဲ့ပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ နွေစပါး ၂၆၃၂၅ ဧက လျာထားခဲ့တာကြောင့် မနှစ်ကထက် နွေစပါး ၆၄၆၅ ဧက ပိုမိုတိုးတက်စိုက်ပျိုးနိုင်တဲ့သဘောပါ။

“ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်းမှာ ဖြစ်နိုင်ရင် ဆည်ရေသောက်ဧကအားလုံးမှာ သုံးသီးစား စိုက်ပျိုးဖို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားထားတဲ့အတွက် ၂၀၂၃ ခုနှစ်ကစပြီး အကောင်အထည်ဖော်ခဲ့တာ ဒီနှစ်ဆိုရင် နှစ်နှစ်မြောက်ရှိပါပြီ။ ဒီရာသီက ပထမသီးနှံဖြစ်တဲ့ မိုးစပါးရိတ်သိမ်းခဲ့ပြီး ဒုတိယသီးနှံဖြစ်တဲ့ ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲတို့ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါတယ်။ တတိယသီးနှံဖြစ်တဲ့နွေစပါးကိုတော့ ဖေဖော်ဝါရီ ၁ရက်ကစပြီး စိုက်ပျိုးသွားကြမှာပါ။ အချိန်မီအောင် သက်တမ်းတို ရက် ၉၀ စပါးစိုက်ကြပါတယ်။ တည်ဆောက်ထားတဲ့ ဆည်တမံတွေက တောင်သူနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိနေပါတယ်။ မိုးတွင်းကာလမှာဆိုရင် ဆည်တမံတွေဟာ မိုးရေကို ထိန်းသိမ်းထားတဲ့အတွက် ရေကြီးရေလျှံမှုတွေကို ကာကွယ်ပေးပြီး နွေရာသီဆိုရင် နွေစပါးစိုက်ခင်းအတွက် ရေပေးဝေတာကြောင့် နိုင်ငံအတွက်လည်း အကျိုးကျေးဇူးရရှိစေပါတယ်။ ဆည်တမံတွေမရှိဘူးဆိုရင် နွေစပါးအတွက် အခက်အခဲရှိပြီး ရေလှောင်တမံတွေက ရေပေးဝေနိုင်မှသာ စိုက်ပျိုးမှုအဆင်ပြေစေပါတယ်။ နွေစပါးရာသီမှာ ရာသီဥတုဖျက်ဆီးမှုနည်းပါးတဲ့အတွက် တစ်ဧကကို အနည်းဆုံးတင်း ၁၀၀ ထွက်ရှိကြပါတယ်။ ဒီဒေသဟာ ရာသီဥတုအနှောင့်အယှက်မရှိတဲ့အတွက် နွေစပါးအထွက်နှုန်းကောင်းပြီး တောင်သူတွေ အားထားစိုက်ပျိုးတဲ့ နွေစပါးကို ဆည်ရေရရှိမှုနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးလာတာဟာ တိုင်းဒေသကြီးအတွက် အားရစရာပါ။ စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံတော်အကြီးအကဲနဲ့ တိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်မှု၊ မြို့နယ် စိုက်/ကြပ်အဖွဲ့ရဲ့ တိုက်တွန်းနှိုးဆော်မှုတွေကြောင့် စိုက်ဧကတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာတာဟာ အားရစရာပါပဲ။

“ ဒီနှစ်မှာ ဌာနက မုန်တိုင်းနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကို ကြိုတင်ထုတ်ပြန်ညွှန်ကြားတဲ့အတွက် မုန်တိုင်းမတိုင်မီ ကာလကတည်းက ရေထုတ်ပြွန်ကနေ သင့်တော်တဲ့ ဆည်ရေပမာဏကို ရေထုတ်လျှော့ချထားနိုင်ခဲ့ပြီး မုန်တိုင်းဖြစ်နေတဲ့ကာလမှာလည်း ရေလှောင်တမံတွေကို ပိတ်ထားနိုင်ခဲ့ပါတယ်။ မိုးရွာတဲ့အခါမှာ ဆည်တမံထဲ သိုလှောင်ထားနိုင်ခဲ့တဲ့အတွက် မိုးရာသီမှာ ပဲခူးအရှေ့ဘက်ခြမ်းကျေးရွာတွေကို ရေဝင်ရောက်မှုမရှိဘဲ မုန်တိုင်းရဲ့အကျိုးသက်ရောက်မှုကို ကြီးကြီးမားမား မကြုံတွေ့ခဲ့ရပါဘူး။ မဇင်းဆည်တမံဟာ မြို့သောက်သုံးရေအတွက် တစ်ရက် ရေဂါလန်သန်းပေါင်း ၁၁ သန်းပေးနိုင်ဖို့ ဆောင်ရွက်နေတဲ့ ဆည်တစ်ခုလည်းဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဝန်ထမ်းတွေအနေနဲ့ မြို့ပြပြည်သူနဲ့ စိုက်ပျိုးတောင်သူတွေအတွက် ဆည်တမံတွေကနေ အကျိုးရှိရှိ အကျိုးပြုနိုင်မှုအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

“ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ရေပို့လွှတ်နိုင်တဲ့ စိုက်ပျိုးမြေမှန်သမျှ ချန်လှပ်မထားဘဲ စိုက်ပျိုးဖို့ လမ်းညွှန်ထားတဲ့အတွက် စိုက်/ကြပ်အဖွဲ့က ကွင်းဆင်းပြီး တောင်သူတွေကို ဧကပြည့် စိုက်ပျိုးဖို့ တိုက်တွန်းအားပေးထားတာကြောင့် ယခုနှစ် နွေစပါးကို ဧကပြည့် စိုက်ပျိုးဖို့လျာထားတာကို တွေ့ရမှာပါ။ နွေစပါးကို ဖေဖော်ဝါရီ ၁ ရက်မှာ စစိုက်ပြီး ဧပြီလအထိ သုံးလသက်တမ်း ရက် ၉၀ စပါးကို အဓိကစိုက်ကြပါတယ်။ ရိတ်သိမ်းကာလက ဧပြီလကုန်အထိပါ။ နွေစပါးအတွက် ဆည်ရေကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စလွှတ်ပြီး ဧပြီလကုန်အထိ ပေးဝေသွားမှာပါ။ နွေစပါးအောင်ရေကို ဒီဒေသမှာ ဆည်ရေသောက်စနစ်နဲ့ ရေလုံလောက်စွာပေးဝေနိုင်ဖို့ ရေမြောင်းပြုပြင်မှုလုပ်ငန်းမှာ စိုက်ပျိုးတောင်သူတွေ၊ WUG (ရေအသုံးချမှုအဖွဲ့)နဲ့ ကျွန်တော်တို့ဌာန ပူးပေါင်းပြီး တက်တက်ကြွကြွ ဆောင်ရွက်လေ့ရှိပါတယ်။ ဆည်ရေလုံလောက်စွာနဲ့ စိုက်ပျိုးနိုင်ကြတဲ့အတွက် ဌာနကို နွေစပါးစိုက်တောင်သူတွေက အထူးကျေးဇူးတင်ကြပါတယ်။

“မဇင်းရေလှောင်တမံ တူးမြောင်းမကြီးကနေ နွေစပါးအတွက်ရေပေးဝေပြီး မိုးတွင်းကာလမှာ သတ်မှတ်တဲ့ရေပမာဏ ပြည့်သွားရင် ရေပိုလွှဲက တစ်ဆင့် ပိုလျှံရေတွေကို မူလမဇင်းချောင်းထဲ ပို့လွှတ်ပါတယ်။ မဇင်းချောင်းကိုအမှီပြုပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ သီးနှံစိုက်တောင်သူတွေအတွက်လည်း အဆင်ပြေစေပါတယ်။ ဆည်တမံကနေ ရေပေးမြောင်းမကြီးတစ်လျှောက် လက်တံမြောင်းခွဲ(၁)၊ (၂)၊ (၃) အဲဒီကနေတစ်ဆင့် လယ်ကွက်တွေထဲ ရောက်ပါတယ်။ ပဲခူးမြို့နယ်ဘက်တွေလည်း ရောက်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ မိုးတွင်းကာလမှာ ရေကြီးရေလျှံမှုထိန်းသိမ်းစေဖို့နဲ့ နွေစပါးရာသီမှာ ရေပေးဝေဖို့ဖြစ်ပါတယ်။ မဇင်းဆည်တမံကနေ မြို့တွင်းသောက်သုံးရေ ပေးဝေဖို့ကတော့ သက်ဆိုင်ရာအဖွဲ့တွေ ကြိုးပမ်းဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။ ပဲခူးမြို့ကို လောလောဆယ် ကန်တော်ကြီးက ရေပေးဝေနေပြီး မဇင်းဆည်ဟာ နွေစပါးအပြင် မြို့ပြသောက်သုံးရေပေးဝေဖို့ ရေအလုံအလောက်ရှိတဲ့ ဆည်တစ်ခုလည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဟာ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍမှာ နိုင်ငံအတွက် ရောဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးလို အောင်မြင်ဖြစ်ထွန်းတဲ့ ဒေသတစ်ခုဖြစ်လာတာကြောင့် ‘စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား’ ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တောင်သူတွေစိုက်ပျိုးထုတ်လုပ်မှု လိုအပ်သမျှ ဆည်ရေကို အချိန်နဲ့အမျှ ပေးဝေနိုင်အောင် ဌာနအနေနဲ့အစွမ်းကုန် ဆက်လက်ဆောင်ရွက်သွားမှာပါ” ဟု ပြောကြားသည်။

### ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်

ပဲခူးမြို့၏ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးကို ရန်ကုန်မြို့သို့ အများဆုံးတင်ပို့လျက်ရှိသည်။ ပဲခူး မြို့တွင် နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံတို့အပြင် နှစ်ရှည်သီးနှံနှင့် ဈေးကွက်ဝင်သီးနှံတို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်ရန် ဖော်ဆောင်နိုင်မှုသည် တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များမှ မွေးမြူထုတ်လုပ်လျက်ရှိသည့်အပြင် ငါး/ပုစွန်မွေးမြူမှုနှင့် ရေချို/ရေငန် ငါးဖမ်းလုပ်ငန်းတို့မှ အသားထုတ်လုပ်သည်အထိ အောင်မြင်လျက်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့ကို ဟန်ချက်ညီစွာ လုပ်ဆောင်နေသည်။

သဘာဝပတ်ဝန်းကျင်ကောင်းများ ဝန်းရံနေသော ပဲခူးတိုင်းဒေသကြီးတွင် နှစ်သီးစားမှ သုံးသီးစားအဖြစ် ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဖြစ်ပြီး ‘စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား’ ဟူသော အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှု၏ လင်းရောင်ခြည်များ ယှက်သန်းလာခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အတွက်အရေးပါသည့် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်တိုးတက်လာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ရတနာများ ပွင့်လန်းလာခြင်းဖြစ်ပြီး ထိုသို့အောင်မြင်မှုပန်းရနံ့များ သင်းပျံ့လာမှုသည် ဥသဘမြေမှ ဆည်တမံများ၏ ဂုဏ်ယူဖွယ် စွမ်းဆောင်ရည်များပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ နေ့စဉ်ဝယ်ယူရောင်းချနေမှု ကြည့်ရှုအားပေး

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ နေ့စဉ်ဝယ်ယူရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ဥသ္သာမြို့သစ်ရှိ ဥသ္သာပြည်သူ့ အငှားအိမ်ရာတွင် နေထိုင်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အခြေခံစားသုံးကုန်များ၊ ကြက်၊ အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ်ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး တစ်ဆင့်ခံရောင်းချမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဥသ္သာသီရိဈေးအပေါ်ထပ်၌ MSMEs ထုတ်ကုန်များ အရောင်းစင်တာသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှထွက်ရှိလာသည့် ဒေသထွက် စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာသုံးကိရိယာများကို တစ်နေရာတည်း ဝယ်ယူ/ရောင်းချနိုင်ရေး ဆောင်



ရွက်ပေးခြင်းဖြစ်၍ ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးနှင့် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ပါကောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက မြန်မာနိုင်ငံတွင် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းပြီး ကျန်းမာရေးထိခိုက်ခြင်းနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်းဖြစ်ပေါ်မှုများနှင့် Fire Hotspot လျှော့ချရေး၊ ဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သူများကို ထိရောက်သောပြစ်ဒဏ်ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုးက မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းသူက လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့အန္တရာယ်ဝိုင်းဝန်းကာကွယ်ရေးကိုလည်းကောင်း၊ ခရိုင်သစ်တောဦးစီးမှူး ဦးအောင်ထွန်း-၃ က တောမီးလောင်ကျွမ်းမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းက လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ မီးမရှို့ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် စနစ်တကျ ပြန်လည်အသုံးပြုရေးကိုလည်းကောင်း ဆွေးနွေးပြောကြားကာ ပြည်သူများ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ ကျေးရွာ ၂၁ ရွာနှင့် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စုရှိ ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**သန်းတင်အောင်(ကြေးမုံ)**

# ပုဗ္ဗန်တောင်မြို့နယ် ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ပုဗ္ဗန်တောင်မြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး




ဒေါ်ခင်ခင်စန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် လူရည်ချွန်ဆုရရှိခဲ့သူများ၊ အပြေးပြိုင်ပွဲဆု၊ ဆိုကရေးတီးဆု၊ ခရစ်ကက်ဆု၊ Royal-D ဘောလုံးပြိုင်ပွဲဆု၊ စာရိတ္တထူးချွန်ဆုများ၊ မူးယစ်ဆေးဝါး သိကောင်းစရာကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများနှင့် အခြားဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ဇမ္ဗူသီရိမြို့နယ် မြို့မဈေး၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ



ဈေးသူ ဈေးသားပြည်သူများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် မီးသတိမူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့မဈေး၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောရာတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု၊ ဂတ်စ်မီးဖိုနှင့် ရိုးရိုးမီးဖိုမီးလောင်မှုတို့ကို လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ ဈေးသူ၊ ဈေးသားများနှင့် ပြည်သူများအား မီးသတိမူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင် (ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ အသား၊ ငါး နှင့်စားသောက်ကုန်များ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မိုးညို ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးကြပ်၍ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက် ဆရာစံလမ်း၌ ပြည်သူများအတွက် အသား၊ ငါးနှင့်စားသောက်ကုန်များကို ချိုသာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများက ပြည်သူများ အဆင်ပြေစွာဝယ်ယူစားသုံးနိုင်ရေးအတွက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည်။



အဆိုပါရောင်းချပေးမှုကို မိုးညိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သက်သက်မာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ONE Friday Fights 93 ပြိုင်ပွဲတွင် သွေးလင်းထက် ပထမအချီတွင် အလဲထိုးအနိုင်ရ

ရန်ကုန် ဇန်ဝါရီ ၁၀

ONE Friday Fights 93 ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ သွေးလင်းထက် ပထမအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။

သွေးလင်းထက်သည် ထိုင်းဖိုက်တာ ယိုကီတီနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပထမအချီ ၂ မိနစ် ၃၉ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ တစ်မိနစ်အထိ နှစ်ဦးစလုံး အကဲစမ်းနေပြီး ခြေကန်ချက်များဖြင့် အစပျိုးခဲ့သည်။ တစ်မိနစ်နောက်ပိုင်းတွင် နှစ်ဦးစလုံး လက်သီးချက်များ ဆိုင်ထိုး၊ ပြိုင်ထိုးလာပြီး သွေးလင်းထက်၏ တွဲလုံးလက်သီးချက်များဖြင့် နောက်မှ ထက်ကြပ်မကွာလိုက်ပါလာသည့် တံတောင်ရိုက်ချက်ကြောင့် ပြိုင်ဘက်ကစားသမား အထိနာခဲ့ရသည်။ သွေးလင်းထက်၏ ညာလက်သီး ယိုကီတီ၏ ရင်ဘတ်ကိုထိမှန်ပြီးနောက် ဘယ်၊ ညာလက်သီး ဆက်တိုက်ပစ်သွင်းကာ ပထမအချီ ၂ မိနစ် ၃၉ စက္ကန့်တွင် အလဲထိုးအနိုင်ယူခဲ့ခြင်းဖြစ်သည်။

သွေးလင်းထက်သည် ONE Championship နှင့် လက်တွဲပြီး တတိယမြောက်ပွဲတွင် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံး အလဲထိုးနိုင်ပွဲလည်းဖြစ်ခဲ့သည်။ ယခုပွဲတွင် အလဲထိုးအနိုင်ရခဲ့သဖြင့် သွေးလင်းထက်သည် ONE Championship အမှုဆောင်အရာရှိချုပ် ချက်သရီ ဆစ်ယိုထောင် ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲ ရရှိခဲ့သည်။

ရှိုင်းထက်ဇော်

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ကင်ဆာရောဂါကုသဆေးနှင့် ပဋိဇီဝဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.23. Oncology Medicine and Antibiotics (2024-2025). |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၁-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၄-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇ ၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**



# လျှပ်စစ်နှင့် ဆိုလာ အလင်းစွမ်းအင်သိုလှောင်မှုပြပွဲ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၂၅ ခုနှစ် လျှပ်စစ်နှင့် ဆိုလာ အလင်းစွမ်းအင်သိုလှောင်မှုပြပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းရှိ YCC ခန်းမ၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိရာ ပြပွဲပထမနေ့တွင် ပြပွဲလာပရိသတ်များ စည်ကားများပြားလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းနောက်ဆုံးပေါ် တိုးတက်လာသည့် လျှပ်စစ်စွမ်းအင်သိုလှောင်မှုဆိုင်ရာ နည်းပညာနှင့် ဆိုလာနည်းပညာများမှ တစ်ဆင့် ပတ်ဝန်းကျင်အတွက် အကျိုးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် စွမ်းအင်ကို ထပ်မံဖြည့်တင်းပေးနိုင်မည့် နည်းပညာများကို ပြည်သူများ ကြည့်ရှုလေ့လာအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဆိုလာအသုံးပြုရာတွင် လိုအပ်သည့်ဆက်စပ်ပစ္စည်းများနှင့် ဆိုလာစွမ်းအင်ဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်လုပ်ကိုင်လိုသူများအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ပါဝင်ပြသထားကြောင်း ပြခန်းတာဝန်ခံများက ပြောသည်။

၂၀၂၅ ခုနှစ် လျှပ်စစ်နှင့် ဆိုလာ အလင်းစွမ်းအင်သိုလှောင်မှုပြပွဲကို တရုတ်နိုင်ငံအခြေစိုက် DPES ကုမ္ပဏီက ဦးဆောင်ကျင်းပပြီး ပြည်တွင်း၊ ပြည်ပမှ လျှပ်စစ်နှင့် ဆိုလာစွမ်းအင်ဆိုင်ရာ ကုမ္ပဏီများက ပြခန်းပေါင်း ၇၆ ခန်းဖြင့် ဆိုလာ၊ အင်ဗာတာ၊ power station၊ betterty စသည့် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၅၀ ကျော်ကို ခင်းကျင်းပြသထားကြောင်း သိရသည်။

မျိုးမင်းသူရ

## ကြိုပွိုင့်စနစ်ဖြင့်တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်သပြေအနောက်(၅)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ အမှတ်(၃၇၀)ပေါ်တွင် ဆောက်လုပ်ဆဲ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ စတုတ္ထထပ်၊ (၅)လွှာ၊ အခန်းအကျယ်အဝန်း (၁၇ပေx ၅၂ပေ)ရှိ ခြေရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သိန်းသန်းကြွယ်ဆောက်လုပ်ရေးကန်ထရိုက်တာများဖြစ်ကြသည့် **ဦးကျော်ဆန်း [၁၂/ဒပန(နိုင်)၀၄၀၆၀၀]**နှင့် **ဦးသောင်းလှ [၁၂/ဒဂတ(နိုင်)၀၄၅၃၅၄]**တို့မှ ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **ဦးရဲလင်းဟိန်း [၁၂/ရပသ(နိုင်)၀၇၈၁၅၁]**နှင့် **ဒေါ်ဝိုင်းချေ [၁၁/ပဏတ(နိုင်)၀၅၉၇၈၃]**တို့က ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၆)**
**[LL.B, D.B.L, D.I.L, D.I.P.L, DL-101 WIPO (Switzerland)]**
**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်- ၃၀၂ (၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သောင်ကြီး (၇) ရပ်ကွက်၊ ဦးပုညလမ်း၊ မြေကွက်အမှတ်-၇၀၂(က)၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးလှရွှေ (CF-၁၄၁၆၅၅)**အမည်ဖြင့်မှတ်သားထားပြီး ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်သန်း [၁၂/မရက(နိုင်) ၀၂၇၆၁၈]သည် (၂၇-၃-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏သားသမီး(၅)ဦးဖြစ်သော **ဦးသိန်းဝင်း၊ ဦးသိန်းအောင်၊ ဒေါ်နုနုရီ၊ ဒေါ်ခင်မမ၊ ဒေါ်သီသီဝင်း**တို့မသိရှိဘဲ အထက်ပါမြေနှင့်အိမ်အား တခြားသူတစ်ဦးဦးထံ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၃)၊ အေးရိပ်သာ(၁)လမ်း၊ မြေကွက်အမှတ်-(၆၂၁/ခ)၊ ဧရိယာ-(၀.၀၂၇၅)ဧက၊ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)၊ (၁၂၀၀) စတုရန်းပေ အကျယ်အဝန်းရှိသော ဒေါ်သန်းမြင့် [၁၂/တမန(နိုင်)၀၈၃၅၄၂] တစ်ဦးတည်း အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဘွေစိမ်းပိုင် [၄/မတန(နိုင်)၀၃၁၃၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဇင်မွန် [၁၀/မလမ(နိုင်)၁၄၅၄၀၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၂၃၁၃၈**

❂ **မာယော့ကာအသင်းမှ**

(ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်)က တစ်ဂိုးနဲ့ နာကျင်အချိန်ပို ၅ မိနစ်မှာ ရိုဒရီဂိုက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ မာယော့ကာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်စူပါဖလား ဗိုလ်လုပွဲစဉ်မှာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘာစီလိုနာအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဘီဘာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဂါဗီက တစ်ဂိုး၊ ၅၂ မိနစ်မှာ ယာမယ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် စပိန်စူပါဖလား ဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၁၃ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

ငွေကြယ်

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ မြေကွက်အမှတ်(၁၇၆)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၄၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်"နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း၊အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်) ၀၀၅၀၃၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်သဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ပိုင်ဆိုင်ခွင့်ရှိသူက လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ Ph: 09-972734996**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀) ရွှေပြည်သာမြို့နယ်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၀

| | | |
|---|---|---|
| ဦးသက်ကိုထွန်း | နှင့် | ဒေါ်ရင်မေ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉/၂)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်- ၃၀၃/ခ နေ **ဒေါ်ရင်မေ** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို **ဦးသက်ကိုထွန်း**က "ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၆ ခုနှစ် ၊ ပြာသိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀) မြောင်းမြခရိုင် တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၁

| | | |
|---|---|---|
| ၁။ ဦးအောင်မြိုင်(ခ) ဦးအမြိုင်ကြီး | နှင့် | ၁။ ဒေါ်မြဝင်း |
| ၂။ ဒေါ်ငြိမ်း | | ၂။ ဒေါ်မိုင်းညို |
| | | ၃။ ဦးသိန်းကျော် |
| | | ၄။ ဒေါ်ပန်းနွယ် |
| | | ၅။ ဦးသိန်းမြင့် |
| | | ၆။ နန့်တင်ညို |
| | | ၇။ စအေးသိန်း |
| | | ၈။ နန့်ဆိပ်(ခ)နန့်အေးနန္ဒာခိုင် |
| | | ၉။ နန့်ပုလေး(ခ)နန့်ခတ္တာဖြူ |
| | | ၁၀။ ဦးအောင်ကျော်မင်း |
| | | ၁၁။ ဒေါ်ပန်းခင်ခင် |
| | | ၁၂။ ဦးစိုးသက်နောင် |
| | | ၁၃။ ဦးလွှမ်းဝေအောင် |
| | | ၁၄။ ဦးစည်သူအောင် |
| | | ၁၅။ ဦးမျိုးသူအောင် |
| | | ၁၆။ နန့်နှင်းသူဇာ |
| | | ၁၇။ နန့်ခင်ကြည်စိုး |
| | | ၁၈။ နန့်ဝင့်ဝါဖူး |
| | | ၁၉။ စဟိန်းသူ |
| **တရားလိုများ** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ တောင်ကုန်းကြီးရပ်ကွက်၊ အနော်ရမန်ကစားကွင်းအရှေ့၊ မဟာမြိုင်(၂)လမ်း၊ ရပ်ကွက်အမှတ်(၈၂၄)၊ (၄၀)လမ်းထိပ်ရပ်နေ (၁၀)တရားပြိုင်ဖြစ်သူ ဦးအောင်ကျော်မင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ၁။ ဦးအောင်မြိုင်(ခ)ဦးအမြိုင်ကြီး ၊ ၂။ ဒေါ်ငြိမ်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြောင်းမြခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအပိုင်း(၁)အိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၃၀၂) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြိုးဝေစိုး [၉/မခန(နိုင်)၁၈၅၆၈၈] ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်ချမ်းအိမ့်မွန် [၁၀/မလမ(နိုင်)၂၃၉၂၂၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဦးမောင်မောင်လတ် [၁၀/မဒန(နိုင်)၀၁၂၆၆၇] နှင့် အများသိစေရန်ကြေညာခြင်း

(၁၉-၁၂-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၆ (ကြော်ငြာ)ပါ "ဒေါ်မြင့်မြင့်ဝင်းသည် (၁၈-၉-၂၀၂၄) ရက်နေ့တွင် ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျန်ရစ်သည့် လင်မယား (၂)ဦးပိုင်ပစ္စည်းအားလုံး၏ အကျိုးခံစားခွင့်များသည် ဗိုလ်မှူးမောင်မောင်လတ် (ငြိမ်း)မှ ရရှိပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း" ကြေညာချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ကြေညာချက်ပါ "ရွှေ့ပြောင်းနိုင်သောပစ္စည်းများ"ဖြစ်သည့် စဉ် (၁) Hilux Surf 5H/9578 စဉ် (၂) Hilux Surf 9D/3169 စဉ် (၃) Nissan March 5D/9577 တို့သည် ဦးအောင်ကျော်ထွန်းဦး အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့သည့်ယာဉ်များဖြစ်ပါသည်။ စဉ် (၄) Toyota Crown အဖြူရောင် 6C/(နံပါတ်မမှတ်မိ)ယာဉ်မှာ ဒေါ်မြင့်မြင့်ဝင်း၏ မိခင် ဒေါ်ယုရင် အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ စဉ် (၅) (၆)ပါ လက်ဝတ်ရတနာများမှာ ဦးမောင်မောင်လတ်နှင့် ဒေါ်မြင့်မြင့်ဝင်း တို့အနေဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းမရှိသဖြင့် ဒေါ်မြင့်မြင့်ဝင်း ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့ခြင်းမရှိပါ။

ကြေညာချက်ပါ "မရွှေ့မပြောင်းနိုင်သောပစ္စည်းများ" ဖြစ်သည့် စဉ်(၁) အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မာဃလုလင်လမ်း၊ အမှတ်(၇၇၇)မြေကွက်နှင့် နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံးမှာ ဒေါ်ယုရင် အမည်ပေါက်ဂရန်မြေဖြစ်ပြီး ဒေါ်ယုရင်က လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ စဉ် (၂) အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာ ၄ လမ်းထိပ်မြေနှင့် နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံးမှာ ဒေါ်မြင့်မြင့်ဝင်း၏ ဖခင် ဦးမြမောင် အမည်ပေါက် ဂရန်မြေဖြစ်ပြီး ဦးမြမောင်ကွယ်လွန်ပြီးနောက် ဒေါ်ယုရင်က လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ စဉ် (၃) သန်လျင်မြို့နယ်၊ စတားစီးတီးအိမ်ရာရှိ တိုက် (B-1)၊ အခန်း (၁၁၂) မြေညီထပ် ကွန်ဒိုတိုက်ခန်းတစ်ခန်းမှာ ဒေါ်ဌေးဌေးဝင်းနှင့် ဒေါ်မြင့်မြင့်ဝင်းတို့ အတူတကွဝယ်ယူခဲ့ပြီး ဒေါ်မြင့်မြင့်ဝင်း မကွယ်လွန်မီ ၂၀၂၀ ပြည့်နှစ်ကတည်းက ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ စဉ် (၄) မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်(B)၊ အခန်း (၁၀၂)တိုက်ခန်းတစ်ခန်းမှာ ဦးမောင်မောင်လတ်ကိုယ်တိုင် ဦးအောင်ကျော်ထွန်းဦးနှင့် ဦးဘုန်းသက်အောင်စိုးတို့အား "မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်" ချုပ်ဆို၍ အပြီးအပိုင်လက်ရောက်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ စဉ် (၅) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ အမှတ်-၁၅၉၊ အဏ္ဏဝါလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ ပေ(၈၀ x ၈၀) မြေကွက်နှင့် တစ်ထပ်တိုက်တစ်လုံး၊ စဉ် (၆) ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ ရန်ကြီးအောင် ၈ လမ်းရှိ အမှတ် ၁၅၃၊ ပေ (၈၀ x ၈၀) မြေကွက်နှင့် သစ်သား တစ်ထပ်နေအိမ်တစ်လုံး၊ စဉ် (၇) ပုဗ္ဗသီရိမြို့နယ်၊ ဇီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၅၂၁/က၊ ဦးပိုင်အမှတ်-၂၂/၁၊ ဧရိယာ ၃.၂၃ ဧက၊ ကွင်းအမှတ် ၁၅၂၂၊ ဦးပိုင်အမှတ် ၁၃/၁၊ ဧရိယာ ၂.၃၇ ဧက၊ ကွင်းအမှတ် ၂၉က/၂၊ ဧရိယာ ၂.၃၄ ဧက (စုစုပေါင်း ၁၀.၆၆ ဧက)ရှိမြေများ၊ စဉ် (၈) ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၄၇၆၂၊ ပေ (၆၀ x ၄၀)ရှိ မြေကွက်နှင့် သစ်သားတစ်ထပ် နေအိမ်တစ်လုံးစသည့် စဉ် (၅) (၆) (၇) (၈) တို့အနက် စဉ် (၅) မှာ ဦးမောင်မောင်လတ် အမည်ဖြင့် ရရှိထားသည့် မြေကွက်ဖြစ်ပြီး ကျန်မြေကွက်များမှာ ဒေါ်မြင့်မြင့်ဝင်းက ၎င်း၏မိဘများ၏ ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေကွက်များဖြစ်ပါသည်။ စဉ် (၉) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်-၁၃၂၆၊ မလိခ ၁ လမ်းရှိ ပေ (၆၀ x ၆၀)ရှိ မြေကွက်တစ်ကွက်(အုတ်တံတိုင်းခတ်ပြီး) မြေကွက်မှာ ဦးအောင်ကျော်ထွန်းဦး ဝယ်ယူပိုင်ဆိုင်ပြီးနောက် ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ စဉ် (၁၀) ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးတန်းရှိ နှစ်ထပ်ဆိုင်ခန်းအမှတ် (ပ-၁၉၃) ဆိုင်ခန်းတစ်ခန်းမှာ ဒေါ်ဌေးဌေးဝင်း ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့သည့် မြေကွက်ဖြစ်ပါသည်။ စဉ် (၁၁) တောင်ကြီးမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ မြွေပွေးတောင်ရှိပေ (၆၀ x ၄၀) မြေကွက်တစ်ကွက်နှင့် စဉ် (၁၂) တောင်ကြီး-ကက္ကူကားလမ်းဘေး၊ ညောင်ပင်ဝိုင်းရွာရှိ ပေ (၁၀၀ x ၁၀၀) မြေကွက်တစ်ကွက်တို့မှာ ဦးအောင်ကျော်ထွန်းဦး ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်ထားသည့် မြေကွက်များဖြစ်ပါသည်။ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း စာရင်းရှိ စဉ်(၅)ပါ မြေကွက်မှအပ ကျန်ရှိသော "ရွှေ့ပြောင်းနိုင်သောပစ္စည်းများ" "မရွှေ့မပြောင်းနိုင်သောပစ္စည်းများ" နှင့် စပ်လျဉ်း၍ ဦးမောင်မောင်လတ်အနေဖြင့် ဝယ်ယူပိုင်ဆိုင်ခြင်း၊ လက်ရှိထားခြင်းမရှိပါဘဲလျက် ကြေးမုံသတင်းစာ၌ ၎င်းရရှိပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း ကြေညာခြင်းသည် အခြားဝယ်ယူပိုင်ဆိုင်သူများ၏ ပိုင်ဆိုင်မှုများကို မမှန်မကန်ထည့်သွင်း၍ ကြေညာခဲ့ခြင်းဖြစ်ကြောင်း ဦးမောင်မောင်လတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွန်းဦး [၁၃/တကန(နိုင်)၂၂၉၈၀၈]၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလေးလွင်** | **ဒေါ်မေမြင့်သူအောင်** |
| **LL.B (Ygn), DIHL (India)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၈၈၂၈)** | **(စဉ်-၁၇၈၆၁)** |
| **ဖုန်း - 09-250537191** | **ဖုန်း - 09-420226129** |

**ဒေါ်သီတာခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၁၄)**
**ဖုန်း - 09-420047236**
**အမှတ်-၁၀၇၊ ပထမထပ် (ယာ)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၀)လမ်း၊ တိုက်အမှတ်-( ၈၁၉ /ခ)၊ (၁)ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း (၁၈ပေ x ၅၄ ပေ)ရှိ မြေညီထပ် (ထပ်ခိုးပါ) တိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးလှိုင် [၁၂/လသယ(နိုင်)၀၂၃၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာနွေး ( LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၇)**
**အမှတ်- (၅၅၂/ က)၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၈၀၈၀၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

(၃) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ သူဖြစ်ရမည်၊
(၄) ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများကို ဦးစားပေးမည်၊
(၅) ရွေးချယ်ခံရပါက ကော်မရှင်က စေလွှတ်မည့် သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့်အနည်းဆုံး (၂)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် လက်မှတ်ရေးထိုးရမည်။

၂။ အထက်ပါရာထူးနေရာများသို့ လျှောက်ထားလိုသူ နိုင်ငံ့ဝန်ထမ်းများသည်-
(က) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုထောက်ခံချက်ဖြင့် လျှောက်ထားကြရမည်။
(ခ) ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးမှသာ ခန့်ထားမည်ဖြစ်သည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae (CV) Form)နှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူမှန်၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူမှန်၊ (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်၊
(ဃ) သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်၊
(စ) တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်ရေးသားရန်)
(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ အထောက်အထား မိတ္တူများ၊
(ဇ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၄။ အပိုဒ် ၁ (က) နှင့် (ခ) ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့ စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပြီး အပိုဒ်(ဂ)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်အား သီးခြားအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများတင်ပြရမည်။

၆။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ ၁၀-၂-၂၀၂၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ mnhrc.org.mm မှတစ်ဆင့်လည်း လျှောက်ထားနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁၈-၆၅၄၆၇၀ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး**

## (၅-၁-၂၀၂၅)ရက်စွဲပါ ဒေါ်ကြူကြူဝင်း (တရားလွှတ်တော်ရှေ့နေ)၏ "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"အပေါ် ကန့်ကွက်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ (ဘ) ဦးဟန်ရှိန်၏ သားသမီးများဖြစ်ကြသော ၁။ ဦးမျိုးလွင် [၃/ကဆက(နိုင်)၁၄၆၄၄၁]၊ ၂။ ဒေါ်ဖြူဖြူဝင်း[၁၂/ပဇတ(နိုင်) ၀၂၄၄၁၂]၊ ၃။ ဒေါ်ဘေဘီ [၁၂/ပဇတ (နိုင်)၀၁၀၆၄၂]၊ ၄။ ဒေါ်သန်းသန်းဌေး [၁၂/ပဇတ(နိုင်)၀၁၀၉၆၅]၊ ၅။ ဒေါ်နီနီစိုး [၁၂/ပဇတ (နိုင်)၀၁၀၅၉၁] နှင့် ၆။ ဒေါ်ရည်မွန်ကျော် [၁၂/ပဇတ(နိုင်) ၀၃၂၀၂၂] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ဦးဟန်ရှိန်နှင့် ဒေါ်ခင်တင့်တို့မှ ၁။ ဦးမျိုးလွင်၊ ၂။ ဒေါ်ဖြူဖြူဝင်း၊ ၃။ ဒေါ်ဘေဘီ၊ ၄။ ဒေါ်ခင်စု (ကွယ်လွန်)၊ ၅။ ဒေါ်သန်းသန်းဌေး၊ ၆။ ဒေါ်နီနီစိုးနှင့် ၇။ ဒေါ်တင်တင်အေး(ကွယ်လွန်)တို့ကို မွေးဖွားခဲ့ပြီး၊ ဒေါ်ရည်မွန်ကျော်အား (၂၉-၁၀-၂၀၀၄)ရက်စွဲပါ "ကိတ္တိမသမီးအဖြစ်မွေးစားခြင်းစာချုပ်"ဖြင့် အမွေစားအမွေခံ သမီးအဖြစ် မွေးစားခဲ့ပါသည်။

၂။ ဦးဟန်ရှိန်သည် (၁၁-၁-၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်တင့် သည် (၅-၁၀-၂၀၀၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ရာ၊ **"ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၀)၊ အခန်းအမှတ်(၃)၊ မြေညီထပ်"**ဟူ၍ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှာ အမွေပုံပစ္စည်းအဖြစ် ကျန်ရှိခဲ့ပြီး အမွေခွဲဝေယူရခြင်းမရှိသေးပါ။

၃။ ကျွန်ုပ်တို့၏ မိတ်ဆွေများသည် အထက်အပိုဒ်(၂)ပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ အမွေဆိုင်အသီးသီးဖြစ်ပါကြောင်း၊ ၎င်းတို့၏မိဘများမှ ကျန်ရစ်သောအမွေပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေခွဲဝေရခြင်းမရှိသေးပါကြောင်းတို့ကို (၁-၅-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)၌ တရားဝင်ကြေညာထားပြီးဖြစ်ပါသည်။

၄။ ၎င်းတို့၏မိဘများကျန်ရစ်ခဲ့သော ကျွန်ုပ်တို့၏မိတ်ဆွေများမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် အထက်အပိုဒ် (၂)ပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ (၅-၁-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)၌ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းဟူသောခေါင်းစဉ်ဖြင့် ကြော်ငြာပြီး (၄)ဦးမြောက် သမီးဖြစ်သော ကွယ်လွန်သူ ဒေါ်ခင်စု၏ခင်ပွန်း ဦးမျိုးသန့် [၁၂/ပဇတ(နိုင်)၀၀၇၄၃၀] တစ်ဦးတည်းမှ အမွေဆက်ခံပိုင်ဆိုင်လာသည်ဟု ကြေညာကာ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါကြောင်း ကြေညာချက်နှင့်ပတ်သက်ပြီး အမွေခွဲဝေခြင်းမရှိသေးသော အမွေဆိုင်များအနေဖြင့် ကန့်ကွက်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၅။ ကျွန်ုပ်တို့မိတ်ဆွေများ၏ မိဘများကျန်ရစ်သော ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် အထက်အပိုဒ်(၂)ပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေများသိရှိ သဘောတူ ခွင့်ပြုချက်မရဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်သောကိစ္စအဝဝကို ကန့်ကွက်ပါကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော အရောင်းအဝယ်ကိစ္စကိုလည်း ဆက်လက်ဆောင်ရွက်ခြင်းမပြုပါရန် ကျွန်ုပ်မိတ်ဆွေအားလုံးမှ ကန့်ကွက်တားမြစ်ပါကြောင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်လက်ဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန့်ဇင် (LL.B, LL.M)** | **ဦးအောင်မျိုးခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၄၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၇၃၆)** |
| **(၂၁-၁၁-၂၀၁၃)** | **(၂၉-၆-၂၀၁၈)** |

**အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၀၉၀၀၃၄**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)၊ တိုက်အမှတ်(၆၄)၊ အခန်းအမှတ် (၂၀၃)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာ"

အဆိုပါတိုက်ခန်းမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်စွာဝင်း [၁၂/အစန(နိုင်) ၁၄၁၂၃၉] အမည်ဖြင့် မှတ်သားထားရှိပြီး ၎င်းထံမှ တရားဝင်ဝယ်ယူထားသော ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်)၀၁၀၈၀၂] ထံမှ ကျွန်ုပ် ဦးဝဏ္ဏထွန်းက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏထွန်း [၁၄/လမန(နိုင်)၀၇၁၃၀၆]**
**၅၀၅/ခ၊ စိန်ပန်းလမ်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၇၇၃၅၀၀၆၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၇/ခ၊ မြေကွက်အမှတ်-၄/က$^{၁}$ မှ ၄/က$^{၆}$၊ ဧရိယာ (၀.၇၆)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေ၊ လ/န (၃-ခ) မြေအမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ ဦးညိုကွန်ဒို၊ (၄)ခန်းတွဲ (၈ ၁/၂)ထပ်တိုက်၏ တိုက်အမှတ်(A)၊ အခန်းအမှတ်- ၆၄၊ (၆-လွှာ)၊ (၁၄၂၄.၅)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မိုးသူအောင် [၁၂/မရက(နိုင်) ၁၁၀၆၆၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာမင်း [၁၂/ဥကတ(နိုင်) ၁၅၃၀၅၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)** |

**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-ဝေဘာဂီ၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ်(၆၁)၊ အကျယ်အဝန်း (ပေ ၃၀x ပေ ၅၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးစိုးနိုင်ထွန်း(AB-၀၇၄၁၇၉) အမည်ဖြင့် တည်ရှိနေသည့် မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်မိုးထွန်း [၁၂/မဂဒ(နိုင်)၀၉၉၉၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်များဖြစ်ကြသော ဒေါ်ဟံသာစိုးတင့် [၁၂/လမန(နိုင်) ၁၄၈၂၀၄]နှင့် ဒေါ်ဖူးသဇင်ဦး [၆/တသရ(နိုင်)၀၆၆၅၇၇၅]တို့ (၂)ဦးသည် အထက်ဖော်ပြပါ မြေကွက်အား ဝယ်ယူရန်အတွက် (၉-၁-၂၀၂၅)ရက်နေ့တွင် အရောင်းတန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟံသာစိုးတင့်နှင့် ဒေါ်ဖူးသဇင်ဦးတို့(၂)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်အောင် (LL.M)** | **ဒေါ်အိဖြူဇင်ခိုင် (LL.B, DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၃၆)** |

**အမှတ်- ၃၃၅၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၃၃၀၇၁၅၅၊ ၀၉-၄၅၄၈၃၉၂၁၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ဇရာလမ်း၊ မြေတိုင်းရပ်ကွက် (၇၀)၊ မြေကွက်အမှတ်(၁၅၉၈) ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း (၄၀ × ၆၀)ပေ အနက်မှ လမ်းမဘက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း (၂၀ × ၆၀)ပေ ပေါ်ရှိဦးစိန်သန်းအေး အမည်ပေါက် ဂရန်မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိန်သန်းအေး (၁၂/ဥကမ(နိုင်)၀၄၈၁၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမင်းအောင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးနန္ဒာဦး (LL.B)
အထက်တန်းရှေ့နေ
(စဉ် ၅၂၉၅၁/၂၀၂၀)
၇/ပတရ(နိုင်)၁၄၈၉၁၀
အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့။ ဖုန်း ၀၉-၉၇၉၃၄၄၂၇၄၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ တိုက်အမှတ် (၇၆)၊ (၂)ခန်းတွဲ၊ ပထမထပ်(ခေါင်းရင်းခြမ်း အလျား၁၂'x အနံ ၃၇')ပေအား ဦးချစ်လှိုင်(ဘ)ဦးလှရွှေ [၁၂/လမန(နိုင်) ၁၇၁၃၉၉ ]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ပြည့်ဖြိုးဦး [၃/ကကရ(နိုင်) ၁၃၈၅၂၈]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်ဖြိုးဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ် – ၉၀၁၄**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း – ၀၉-၂၆၂၆၁၆၅၈၇၊ ၀၉-၉၇၁၄၈၉၄၆၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၅၊မြေကွက်အမှတ်-၇၂၇၊မြေကွက်တည်နေရာအမှတ်-၇၂၇၊ခိုင်ရွှေဝါလမ်း၊၄၅ရပ်ကွက်၊ ဒဂုံမြောက်၊ဒေါ်ကြည်ယဉ်(၁၂/မဂဒ(နိုင်)၀၃၆၇၈၄)အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်-ဒေါ်ကြည်ယဉ်မှဂရန်၊နိုင်ကတ်တို့တင်ပြ၍မြေတိုင်းလျှောက်ထားလာရာဘေးမြေကွက်များမှလက်မှတ်ရေးထိုးထားသည့်မြေတိုင်းကြော်ငြာစာရွက်တင်ပြထားပြီးမြေစာရင်းမှတ်ချက်ရှိ၂၀၀၅ခုနှစ်အမည်ပေါက်-ဒေါ်ကြည်ယဉ်မှဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်ပြီး၄င်းမြေပုံမူရင်းမှာမည်သည့်ဘဏ်မှချေးငွေရယူထားခြင်းမရှိပဲအထားအသိုမှားယွင်းပြီးမိမိလက်ဝယ်တွင်ပျောက်ဆုံးသွားပါကြောင်း အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမှမရှိပါကြောင်း၊နောက်နောင်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းကျမ်းကျိန်လွှာဖြင့်ရှင်းလင်းတင်ပြလာသဖြင့်ဒေါ်ကြည်ယဉ်မှမြေတိုင်းလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂/C(ပေါက်တော)၊မြေကွက်အမှတ်-၁၀၅၊ဧရိယာ(၀.၀၄၄)ဧက၊မြေကွက်တည်နေရာအမှတ်-၁၁၊ဘုန်းကြီးလမ်း၊ဈေးကုန်းအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးတဲရင့်စ်မာလင်(၁၂/အစန(နိုင်)၀၀၆၃၆၃)၊ဒေါ်ဖီလစ်မာလင်(၁၂/အစန(နိုင်)၀၀၆၃၆၄)အမည်ပေါက်မြေပိုင်မြေ(အိမ်ယာမြေသတ်မှတ်)မြေအားဦးမင်းမင်းဇော်(၁၂/အစန(နိုင်)၀၁၄၄၅၉)မှအင်းစိန်ခရိုင်တရားရုံးတော်၊၂၀၂၃ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၃၇ဖြင့်အမွေထိန်းလက်မှတ်စာထုတ်ဆင့်ပေးပါရန်လျှောက်ထားမှုအားခွင့်ပြုသည့်(၉-၁၁-၂၀၂၃)ရက်စွဲပါစီရင်ချက်၊အမွေထိန်းလက်မှတ်စာ၊အင်းစိန်ခရိုင်တရားရုံးတော်၊၂၀၂၃ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၅၀ဖြင့်အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ-၃၀၇(၁)(၂)တို့အရစီမံခန့်ခွဲမိန့်လျှောက်ထားခြင်းအပေါ်စီမံခန့်ခွဲခွင့်ပြုကြောင်း(၂၉-၁-၂၀၂၄)ရက်စွဲပါစီရင်ချက်၊အမည်ပေါက်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅၊ နည်းဥပဒေ ၂၀)
### မင်္ဂလာဒုံခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၄

ဦးအောင်ကိုကို(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နှင်းဝတ်ရည်) နှင့်

၁။ Lotte MGS Beverage Co.,Ltd
(၎င်းကုမ္ပဏီ၏ကိုယ်စား ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း)
၂။ ဦးဖြိုးဖြူနိုး
၃။ ဦးတင်ထွန်းအောင်
၄။ ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း
၅။ ဒေါ်သန်းသန်းအေး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း)
၆။ ဦးစိုးလွင်

**(တရားလို)** **(တရားပြိုင်များ)**

အမှတ်–၁၉၂၊ မြန်မာဘားမားတာဝါ (၂)၊ (၁၁ လွှာ)၊ အခန်း (၁၁၂၀၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ၂– တရားပြိုင် ဦးဖြိုးဖြူနိုး၊ ၃–တရားပြိုင် ဦးသန်းစိုးဦး (ယခုနေရပ်လိပ်စာမသိ) နှင့် အမှတ်–၁၇၀/က၊ ကမြောကင်းလမ်း၊ ဥဿာရုံရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးနေ ၆– တရားပြိုင် ဦးစိုးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“နစ်နာကြေးငွေကျပ် ၃၀၀၀၀၀၀၀၀၀ (ကျပ်သိန်းသုံးသောင်းတိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ( ၈ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅၊ နည်းဥပဒေ ၂၀)
### မင်္ဂလာဒုံခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၅

ဦးအောင်ကိုကို(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နှင်းဝတ်ရည်) နှင့်

၁။ Lotte MGS Beverage Co.,Ltd
(၎င်းကုမ္ပဏီ၏ ကိုယ်စား ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း)
၂။ ဦးဖြိုးဖြူနိုး
၃။ ဦးတင်ထွန်းအောင်
၄။ ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း
၅။ ဒေါ်သန်းသန်းအေး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကိုကိုမောင်(ခ) ဦးခိုင်ညီလင်း)

**(တရားလို)** **(တရားပြိုင်များ)**

အမှတ်–၁၉၂၊ မြန်မာဘားမားတာဝါ (၂)၊ (၁၁ လွှာ)၊ အခန်း (၁၁၂၀၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ၂–တရားပြိုင် ဦးဖြိုးဖြူနိုး၊ ၃–တရားပြိုင် ဦးတင်ထွန်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို က **“နစ်နာကြေးငွေကျပ် ၃၀၀၀၀၀၀၀၀၀ (ကျပ်သိန်း သုံးသောင်းတိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ( ၈ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ကြော်ငြာစာအမှတ် (၁/ ၂၀၂၅)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ ငွေကိုင် (၄) (လစာနှုန်းကျပ် ၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) ရာထူး နေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် –
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့ ရရှိပြီးသူများကို ဦးစားပေးမည်)
( ဂ ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
(ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( င ) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရမည်။
( စ ) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် ရယူနိုင်ပြီး စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀/– (ကျပ် တစ်ထောင်တိတိ) ကို မိမိဖြေဆိုလိုသည့် စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံး)များတွင် Sundry Deposit A/C Miscellaneous သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် –
(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
( ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
( ဂ ) တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း
(ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅) ပုံ
( င ) (၁) လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
( စ ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
( ဇ ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
( ဈ ) ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်

၅။ **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ အငယ်တန်းစာရေးနှင့် ငွေကိုင် (၄) ရာထူးနေရာများအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် –**

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | ခန့်ထားမည့်ဦးရေ အငယ်တန်းစာရေး/ ငွေကိုင် (၄) |
|---|---|---|
| ၁ | နေပြည်တော် | (၇) ဦး |
| ၂ | ကချင်ပြည်နယ် | (၆) ဦး |
| ၃ | ကယားပြည်နယ် | (၁) ဦး |
| ၄ | ကရင်ပြည်နယ် | (၃) ဦး |
| ၅ | ချင်းပြည်နယ် | (၈) ဦး |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၂) ဦး |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | (၉) ဦး |
| ၈ | ပဲခူးတိုင်းဒေသကြီး | (၄) ဦး |
| ၉ | မကွေးတိုင်းဒေသကြီး | (၁) ဦး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | (၉) ဦး |
| ၁၁ | မွန်ပြည်နယ် | (၇) ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | (၃၈) ဦး |
| ၁၃ | ရှမ်းပြည်နယ် | (၉) ဦး |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | (၆) ဦး |
| | **စုစုပေါင်း** | **(၁၂၀) ဦး** |

၆။ လျှောက်ထားသူများသည် လျှောက်လွှာကို မိမိလျှောက်လွှာရယူခဲ့သည့် စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံး) များသို့ (၁၀ – ၂ – ၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်နှင့်အတူ လျှောက်လွှာပုံစံ (၁) စုံအား သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့လျှောက်ထားစေရန်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဌာနခွဲ/ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၏ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် (၁၀ – ၂ – ၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများကို (၁၁ – ၂ – ၂၀၂၅) ရက်နေ့နှင့် (၁၂ – ၂ – ၂၀၂၅) ရက်နေ့များ၌ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောက်ပါအတိုင်း အရည်အချင်းစစ်ခြင်း ပြုလုပ်မည်ဖြစ်ပြီး ရွေးချယ် ခန့်ထားသည့်အမည်စာရင်းကို သက်ဆိုင်ရာ စာစစ်ဌာနတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၁၃ – ၂ – ၂၀၂၅ | နံနက် (၉:၃၀) နာရီ မှ (၁၀:၃၀) နာရီထိ |
| ( ခ ) | ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) | ၁၃ – ၂ – ၂၀၂၅ | မွန်းလွဲ (၁) နာရီ မှ (၂) နာရီထိ |
| ( ဂ ) | အထွေထွေဗဟုသုတ (လူတွေ့) | ၁၄ – ၂ – ၂၀၂၅ | နံနက် (၉) နာရီ |

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၁ – ၂ – ၂၀၂၅) ရက်နေ့နှင့် (၁၂ – ၂ – ၂၀၂၅) ရက်နေ့များတွင် မိမိလျှောက်ထားသည့် စာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက နေပြည်တော်ဘဏ်သို့ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၁၉၊ ကွင်းအမည် (ကျိုက္ကမော့ကွင်း)၊ ဦးပိုင်အမှတ်(၁၄၂/၂၀၃/၃)၊ အကျယ်အဝန်း (၉ဧကေ)ရှိ(G)မြေနှင့်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မူလအမည်ပေါက် ဦးမြင့်သိန်းထံမှ အစဉ်အဆက် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးခင်မောင် [၇/သနပ(ပြု)၀၀၀၀၀၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၂၁)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသူရဝင်း**
**(B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q),**
**LLM (2nd year)(Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇ (အရှေ့)ရပ်ကွက်၊**
**သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျောက်ဖူးကုန်း(က)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၅၆၉)နေ ဦးကျော်မျိုးသွင်(ခ)ဦးကျော်သွင် [၁၀/ဘလန(နိုင်)၀၉၀၈၇၇] +ဒေါ်ကြည်ကြည်ခိုင် [၇/ပခန(နိုင်)၁၀၁၈၅၆] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော **ဦးကျော်မျိုးသွင်(ခ)ဦးကျော်သွင်နှင့် ဒေါ်ကြည်ကြည်ခိုင်**တို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ **မဖြိုးအိခိုင်** [၇/ပခန (နိုင်)၄၁၆၃၀၉] ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိဘများမှ ဆင်မြန်းပေးထားသော ငွေကျပ်သိန်း(၁၆၀)တန်ဖိုးရှိသော ရွှေထည်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ယူဆောင်ကာ မိမိ၏ သဘောဆန္ဒအလျောက် မိဘများမှ သဘောမတူသော ယောကျ်ားနောက်သို့ (၈-၁-၂၀၂၅)ရက်နေ့တွင် ထပ်မံလိုက်ပါသွားပါသဖြင့် ထိုအချိန်မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် **မဖြိုးအိခိုင်**နှင့်ပတ်သက်သည့် လူမှုရေးအရှုပ်အရှင်း၊ ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စအဝဝကိုမျှ မိဘများမှ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ပါကြောင်း **မဖြိုးအိခိုင်**နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးသွင်(ခ)ဦးကျော်သွင်နှင့် ဒေါ်ကြည်ကြည်ခိုင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-254405798**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၁၉၉/ခ) ဟု ခေါ်တွင်သော ဒေါ်သန်းညွန့်အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ်(၂၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိရွှေစင် [၁၂/ဒဂတ(နိုင်)၀၁၉၇၇၁]က အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့ဝါ [၁၂/ဗဟန(နိုင်)၀၂၄၀၈၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -** **ဒေါ်လဲ့ဝါ**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၂ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၆၇

| | | |
|---|---|---|
| ဦးမြင့်ဝင်း<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးကျော်ညွန့်) | နှင့် | ၁။ ဦးနိုင်အောင်လင်း<br>၂။ ဒေါ်မိုးသီတာ (ကိုယ်တိုင်နှင့် ၁ တရားရှုံး၏အခွင့်ရ ကိုယ်စားလှယ်) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်မြို့သစ်(က+ခ) ရပ်ကွက်၊ (က-၂)လမ်း၊ မြေကွက်အမှတ်-၁၅၆၊ တိုက် (၁၀၂)၊ မြေညီထပ် (ခေါင်းရင်းခန်း)နေ တရားရှုံး ဦးနိုင်အောင်လင်း၊ ဒေါ်မိုးသီတာ (ယခုနေရပ်လိပ်စာမသိ)**တို့ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၂ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် ( ၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်) နေ့ မွန်းမတည့်မီ (၁၀:၃၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းလင်းထိုက်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အလုံခရိုင်တရားရုံး**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM/G-17R (Lot-1) : Hardware Requirement for Accounting System အတွက် အသုံးပြုလျက်ရှိသည့် Dell Connectrix Switch (၂)လုံး၊ Dell PowerStore 1000T (၁)လုံး၊ Dell Power Protect DP4400 (၁)လုံးနှင့် Dell TOR Switch S4128F (၂)လုံးတို့၏ Product Maintenance Service Contract (Hardware Warranty License) (၃)နှစ် သက်တမ်းတိုးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၀-၁-၂၀၂၅) ရက်နေ့မှ (၁၇-၁-၂၀၂၅) ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၃-၁-၂၀၂၅) ရက်နေ့ မွန်းလွဲ (၂:၀၀) နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအား ငွေသား (သို့မဟုတ်) PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ) လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀ နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃½)ထပ် (ယခု - ၅ ထပ်)အဆောက်အဦးမှ ပထမထပ်၊ ခြေရင်းခန်း၊ ဝဲဘက်၊ အကျယ်အဝန်း (၁၂½ ပေ × ၅၀ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့် အပါအဝင်နှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဝင်း (ဘ) လော်အီဟုန်း (ခ) ဦးတီးဘင် (၁၂/အစန (နိုင်) ၁၅၉၆၆၃ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ( ၉ - ၁ - ၂၀၂၅ ) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၁ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၆၆

| | | |
|---|---|---|
| ဦးမြင့်ဝင်း<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးကျော်ညွန့်) | နှင့် | ၁။ ဦးနိုင်အောင်လင်း<br>၂။ ဒေါ်မိုးသီတာ (ကိုယ်တိုင်နှင့် ၁တရားရှုံး၏အခွင့်ရကိုယ်စားလှယ်) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်မြို့သစ်(က+ခ) ရပ်ကွက်၊ (က-၂)လမ်း၊ မြေကွက်အမှတ်- ၁၅၆၊ တိုက် (၁၀၂)၊ မြေညီထပ် (ခေါင်းရင်းခန်း)နေ တရားရှုံး ဦးနိုင်အောင်လင်း၊ ဒေါ်မိုးသီတာ (ယခုနေရပ်လိပ်စာမသိ)**တို့ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၃၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းလင်းထိုက်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အလုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လူတွေ့နှုတ်ဖြေ ကျင်းပမည့်နေ့ရက် ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ (၃၀-၁၂-၂၀၂၄) ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (လစာနှုန်း ကျပ် ၂၁၆၀၀၀ -၂၀၀၀- ၂၂၆၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်စာရင်းကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)
**ဖြေဆိုရမည့်နေ့ရက်** - ၂၀-၁-၂၀၂၅ ရက်(တနင်္လာနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

| | | | |
|---|---|---|---|
| ရုပ်သံ(၂)(ရက)-၁၊ | ရုပ်သံ(၂)(ရက)-၃၊ | ရုပ်သံ(၂)(ရက)-၄၊ | ရုပ်သံ(၂)(ရက)-၅၊ |
| ရုပ်သံ(၂)(ရက)-၇၊ | ရုပ်သံ(၂)(ရက)-၈၊ | ရုပ်သံ(၂)(ရက)-၉၊ | ရုပ်သံ(၂)(ရက)-၁၀၊ |
| ရုပ်သံ(၂)(တက)-၁၊ | ရုပ်သံ(၂)(တက)-၂၊ | ရုပ်သံ(၂)(တက)-၃၊ | ရုပ်သံ(၂)(တက)-၄၊ |
| ရုပ်သံ(၂)(တက)-၅၊ | ရုပ်သံ(၂)(တက)-၆၊ | ရုပ်သံ(၂)(တက)-၉၊ | ရုပ်သံ(၂)(တက)-၁၀၊ |
| ရုပ်သံ(၂)(တက)-၁၁၊ | ရုပ်သံ(၂)(တက)-၁၂၊ | ရုပ်သံ(၂)(တက)-၁၃၊ | ရုပ်သံ(၂)(တက)-၁၄၊ |
| ရုပ်သံ(၂)(တက)-၁၅၊ | ရုပ်သံ(၂)(တက)-၁၆၊ | ရုပ်သံ(၂)(တက)-၁၇၊ | ရုပ်သံ(၂)(တက)-၂၀၊ |
| ရုပ်သံ(၂)(တက)-၂၁၊ | ရုပ်သံ(၂)(တက)-၂၂၊ | ရုပ်သံ(၂)(တက)-၂၃၊ | ရုပ်သံ(၂)(တက)-၂၅၊ |
| ရုပ်သံ(၂)(တက)-၂၈၊ | ရုပ်သံ(၂)(တက)-၂၉၊ | ရုပ်သံ(၂)(တက)-၃၀၊ | ရုပ်သံ(၂)(တက)-၃၁။ |

၃။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)၊ အငယ်တန်းအင်ဂျင်နီယာ(၂)
**ဖြေဆိုရမည့်နေ့ရက်** - ၂၁-၁-၂၀၂၅ ရက်(အင်္ဂါနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

| | | | |
|---|---|---|---|
| ရုပ်သံ(၂)(တက)-၃၂၊ | ရုပ်သံ(၂)(တက)-၃၃၊ | ရုပ်သံ(၂)(တက)-၃၄၊ | ရုပ်သံ(၂)(တက)-၃၅၊ |
| ရုပ်သံ(၂)(တက)-၃၆၊ | ရုပ်သံ(၂)(တက)-၃၇၊ | ရုပ်သံ(၂)(တက)-၃၈၊ | ရုပ်သံ(၂)(တက)-၃၉၊ |
| ရုပ်သံ(၂)(တက)-၄၀၊ | ရုပ်သံ(၂)(တက)-၄၁၊ | ရုပ်သံ(၂)(တက)-၄၂၊ | ရုပ်သံ(၂)(တက)-၄၃၊ |
| ရုပ်သံ(၂)(တက)-၄၄၊ | ရုပ်သံ(၂)(တက)-၄၅၊ | ရုပ်သံ(၂)(တက)-၄၆၊ | ရုပ်သံ(၂)(တက)-၄၇၊ |
| ရုပ်သံ(၂)(တက)-၄၈။ | | | |

| | | |
|---|---|---|
| ငယ်အင်ယာ(၂)(ရက)-၁၊ | ငယ်အင်ယာ(၂)(ရက)-၂၊ | ငယ်အင်ယာ(၂)(ရက)-၃၊ |
| ငယ်အင်ယာ(၂)(တက)-၂၊ | ငယ်အင်ယာ(၂)(တက)-၄၊ | ငယ်အင်ယာ(၂)(တက)-၅၊ |
| ငယ်အင်ယာ(၂)(တက)-၆၊ | ငယ်အင်ယာ(၂)(တက)-၈၊ | ငယ်အင်ယာ(၂)(တက)-၉၊ |
| ငယ်အင်ယာ(၂)(တက)-၁၀၊ | ငယ်အင်ယာ(၂)(တက)-၁၁၊ | ငယ်အင်ယာ(၂)(တက)-၁၂၊ |
| ငယ်အင်ယာ(၂)(တက)-၁၃၊ | ငယ်အင်ယာ(၂)(တက)-၁၄။ | |

၄။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်)၊
အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အနုပညာရှင်(၂)(ဂီတ)
**ဖြေဆိုရမည့်နေ့ရက်** - ၂၂-၁-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

| | | |
|---|---|---|
| ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၊ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၄၊ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၅။ |

| | | | |
|---|---|---|---|
| သံကျွမ်း(၂)(ရက)-၁၊ | သံကျွမ်း(၂)(တက)-၁၊ | သံကျွမ်း(၂)(တက)-၂၊ | သံကျွမ်း(၂)(တက)-၃၊ |
| သံကျွမ်း(၂)(တက)-၄၊ | သံကျွမ်း(၂)(တက)-၅၊ | သံကျွမ်း(၂)(တက)-၇၊ | သံကျွမ်း(၂)(တက)-၉၊ |
| သံကျွမ်း(၂)(တက)-၁၀၊ | သံကျွမ်း(၂)(တက)-၁၁၊ | သံကျွမ်း(၂)(တက)-၁၂၊ | သံကျွမ်း(၂)(တက)-၁၄။ |
| သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁။ | | | |

| | | | |
|---|---|---|---|
| နု(၂)(ရက)-၁၊ | နု(၂)(ရက)-၃၊ | နု(၂)(ရက)-၄၊ | နု(၂)(ရက)-၅၊ |
| နု(၂)(ရက)-၆၊ | နု(၂)(ရက)-၇၊ | နု(၂)(ရက)-၈၊ | နု(၂)(ရက)-၉၊ |
| နု(၂)(ရက)-၁၀၊ | နု(၂)(ရက)-၁၁၊ | နု(၂)(ရက)-၁၂၊ | နု(၂)(ရက)-၁၃၊ |
| နု(၂)(ရက)-၁၄၊ | နု(၂)(ရက)-၁၅၊ | နု(၂)(ရက)-၁၆၊ | နု(၂)(ရက)-၁၇၊ |
| နု(၂)(ရက)-၁၈၊ | နု(၂)(တက)-၁၊ | နု(၂)(တက)-၂၊ | နု(၂)(တက)-၄၊ |
| နု(၂)(တက)-၅၊ | နု(၂)(တက)-၆။ | | |

၅။ လူတွေ့ဖြေဆိုမည့်သူများအနေဖြင့် ဖော်ပြပါနေ့ရက်များအလိုက် နံနက်(၉:၃၀)နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ပညာအရည်အချင်းအောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မိမိတို့ ဖြေဆိုရမည့်နေရာများသို့ နံနက်(၈:၀၀)နာရီအရောက် သတင်းပို့လာရောက်ဖြေဆိုကြရန်နှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ ဖုန်း-၀၆၇-၈၀၇၉၁၈၅ နှင့် ၀၉-၄၄၄၆၆၂၀၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် -၁၉၊ လူနေရပ်ကွက်အမှတ်-၄၉၊ ၄၀ါ (၄) လမ်း၊ မြေကွက်အမှတ်- ၁၂၁၅/က၊ အကျယ်အဝန်း (၂၀x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြင့်လွင်အမည်ပေါက်ဖြင့် တည်ရှိပြီး ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ကြပြီး ယခုအခါ နောက်ဆုံးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီနီအောင်ဝင်း [၁၂/လသန(နိုင်)၀၁၂၉၂] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေကိုဥက္ကာအောင်+မနှင်းယုမော် တို့မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဥက္ကာအောင် + ဒေါ်နှင်းယုမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလင်း (LL.B )( D.M.L )**
**အထက်တန်းရှေ့နေ (စဉ်- ၂၇၀၆၅)**
**အမှတ်- ၁၄၂၊ ပထမထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၂၂၆၃၂၆၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျေးရွာအုပ်စု၊ သနပ်ပြင်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၀၅၇/ခ)၊ တလုပ်ကုန်းကွင်း၊ မေတ္တာလမ်း၊ အလျား(၅၀)ပေxအနံ(၁၁၀)ပေ အကျယ်အဝန်းရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အား တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းစိန် [၁၂/လကန(နိုင်)၁၅၇၅၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းထက်ထက်ဇော်**
**LL.B, D.B.L, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၁၇)**
**အမှတ်(၈၇၃)၊ ကျော်သူလမ်း(၂၀)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၃၁၇၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပချိန်တစ်ဆက်တည်းတွင် MSME ပြပွဲ၊ ပြိုင်ပွဲများကို ထည့်သွင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာယော့ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မာယော့ကာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်စူပါဖလား ဗိုလ်လုပွဲတက်လှမ်း

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မာယော့ကာအသင်းတို့ ဇန်နဝါရီ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်စူပါဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက မာယော့ကာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ဘယ်လင်ဂမ်က တစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၃ မိနစ်မှာ ဗယ်ဂျန့်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✪

### ၁၀ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၃၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ